မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်နေ့၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ခေတ်မီစက်ကိရိယာများအသုံးပြု၍ စိုက်နည်းစနစ်မှန်ကန်စွာ စီမံဆောင်ရွက်ပြီး အထွက်တိုးစပါးများ ပြောင်းလဲစိုက်ပျိုးပါက လယ်ယာကဏ္ဍပိုမိုတိုးတက်လာမည်

ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ရေးလုပ်ငန်း တက်ညီလက်ညီဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းမှ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကုန်သည်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်၌ လုပ်ကိုင်ကြမည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လှေကားထစ်များကို အဆင်းအတက်လုပ်ပေးခြင်းဖြင့် ရောဂါကင်းဝေးပြီး အသက်ပိုရှည်နိုင်ဟုဆို

လှေကားထစ်များကို နေ့စဉ်အဆင်းအတက် ပြုလုပ်ခြင်းသည် အသက်ရှည်ရာ အနာမဲ့ကြောင်း အချက်များတွင် တစ်ချက်ပါဝင်ကြောင်း ဆွစ်ဇာလန်ဆေးသုတေသနပညာရှင်များက ပြောကြားလိုက်သည်။

အစာချေဖျက်

နေအိမ်နှင့် အဆောက်အအုံလှေကားထစ်များကို နေ့စဉ်ပုံမှန် အဆင်းအတက်များများ ပြုလုပ်ပေးခြင်းသည် ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်စီးဆင်းမှု ဇီဝကမ္မဖြစ်စဉ်ကို အထောက်အကူပြုမှုနှင့် အစာချေဖျက်မှုကို ကောင်းမွန်စေသည့်အပြင် ခန္ဓာကိုယ်တွင်း မလိုလားအပ်သော အဆိပ်ထွက်ရှိမှုများအား ဖယ်ရှားပေးနိုင်ကြောင်း သိရသည်။

ကြွက်သားများသန်မာ

ထို့အပြင် လှေကားထစ်များ အသုံးပြု၍ ဆင်းတက်မှုပြုလုပ်ခြင်းသည် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောကျဆင်းမှုကို အထောက်အကူပြုပေးသည့်အပြင် သွေးပေါင်ချိန်ကျဆင်းစေကြောင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများရှိ ကြွက်သားများကို သန်မာစေရန် အကျိုးပြုကြောင်း သိရသည်။

ထိုသို့ လှေကားထစ်များကို နေ့စဉ်ဆင်းတက်ပေးခြင်းဖြင့် အသက်ရှည်မှုကို ၁၅ရာခိုင်နှုန်း အထောက်အကူပြုနိုင်ကြောင်း လေ့လာတွေ့ရှိရကြောင်း ဆွစ်ဇာလန် ဆေးသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၄ ရက်)

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခု စီးပွားရေးတိုးတက်ကောင်းမွန်လာပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းပါ တိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတို့သည် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားကြိုးပမ်းနေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း သာယာလှပစေရန် ဖန်တီးဖော်ဆောင်လျက်ရှိသည်။

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကိုလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း၊ သာယာလှပသည့်ရှုခင်းနှင့် ရှေးဟောင်းအမွေအနှစ်များပေါများသည့် မြန်မာနိုင်ငံကို ထင်ရှားသည့် ခရီးစဉ်ဖြစ်ရန် စီမံဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ပူးပေါင်းခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ကျယ်ပြန့်၍ သိမ်မွေ့နက်ရှိုင်းမှုရှိသည့် လုပ်ငန်းလည်းဖြစ်ပေသည်။

နိုင်ငံတော်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်မိမိ အကျိုးမျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မသန်စွမ်းကျောင်းများ ပြုပြင်ရန် ငွေကျပ်သိန်း၄၀၀ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ(**အပေါ်ပုံ**)၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများထံ အလှူရှင် Dr.Mike Griffiths (Resident Representative, The Leprosy Mission International-TLMI)နှင့် ဒေါက်တာဇော်မိုးအောင် (Country Operation Manager, TLMI) တို့က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများ ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀ကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာနရုံးချုပ် မေခလာခန်းမ၌ လာရောက်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄-၉-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၃၀ ၄။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၀ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၆။ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၆)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၆)

အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲက နေပြည်တော် ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ အမှုထမ်းများ စုစုပေါင်း ၃၂၅ဦး တက်ရောက်ကြသည်။

သင်တန်းဆင်း အမှာစကား

သင်တန်းဆင်းပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သင်တန်း၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ကျွမ်းကျင်စွာအသုံးပြုနိုင်

အဆိုပါ သင်တန်းကို အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများအရည်အချင်းပြည့်ဝ၍ လုပ်ငန်းတာဝန်များ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် e-Government လုပ်ငန်းအဆင့် တိုးမြှင့်ဆောင်ရွက်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ဩဂုတ် ၁၈ရက်မှစ၍ ရက်သတ္တ ၄ပတ်ကြာဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁) ဝန်ထမ်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လသာမြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

လသာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို ယမန်နေ့ နံနက်၉နာရီက လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အမှာစကား ပြောကြားပြီး အလှူငွေများကို လက်ခံကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသော လူမှုရေးအသင်း အဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆုချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက ၂၀၀၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ၊ နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ မြို့နယ်အဆင့်စာမေးပွဲတွင် ဆုရရှိကြသူများ၊ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် သူနာပြု ဒီပလိုမာသင်တန်းတွင် နှစ်အလိုက်ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။**(ဝဲပုံ)**

ယင်းနောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **မြေပဲ၊နှမ်းနှင့် ကျောက်ခဲသလဲ** တရားတော် ဆရာတော် အရှင်ပုညာနန္ဒ
၈:၀၀-၂:၀၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)၊ ကိုကိုလှိုင်]
၈:၅၅-၂:၅၅ Soccer Update
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ အရဏ်ဦးမှာကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၉:၃၅-၃:၃၅ တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀ အဘိဓမ္မာကိုလေ့လာလိုလျှင် ယုတ္တိနည်းကျ စဉ်းစားတတ်ရန်လိုသည် တရားတော် [ဒေါက်တာချစ်ငယ် (ဒဿန) Ph.D]
၁၀:၂၀-၄:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅-၄:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀ Euro Goals
၁၀:၅၀-၄:၅၀ မိုးလေဝသခန့်မှန်းချက်
၁၀:၅၅-၄:၅၅ **အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁:၁၀-၅:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅ International Video Topics (Sears Tower)
၁၁:၄၅-၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ကိုမြသိန်း)
၁၂:၁၅-၆:၁၅ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၂၅-၆:၂၅ တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀ ခါးနာရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Stoke City-Everton	ESPN (Live)

လာအိုနိုင်ငံသမ္မတဟောင်းကွယ်လွန်ခြင်းအတွက် ဒုတိယဝန်ကြီးဦးကျော်သူ ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် ယနေ့ မွန်းတည့် ၁၂နာရီတွင် အမှတ် အေ-၁ တော်ဝင်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးသို့သွားရောက်၍ စက်တင်ဘာ ၉ရက်က ကွယ်လွန်သွားသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတဟောင်း Mr. Nouhak Phoumsavanh အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမြူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၃

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလေးမအားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ယမန်နှစ်က ချန်ပီယံရန်ကုန်တိုင်း အမျိုးသားအသင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံသည်။

ဖွင့်လှစ်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာနဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်**(ယာပုံ)**က အမှာစကားပြောကြား၍ ပြိုင်ပွဲများကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် သတ်မှတ်ထားသော ပြိုင်ပွဲပွဲစဉ်များကို စတင်ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း ၁၁သင်းတို့မှ အလေးမအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်

နေပြည်တော် စက်တင်ဘာ ၁၃

၂၀၀၈ ခုနှစ်ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်ကို နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းဘောလုံးအားကစားကွင်း၌ ယနေ့ညနေ ၃နာရီခွဲတွင်ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အကြိုဗိုလ်လုပွဲများကို နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း အမှတ်(၁)၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၁၅ရက်တွင် အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ စက်တင်ဘာ ၁၆ရက်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီမြစ်ရေ အခြေအနေ

မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်

ရောဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၃စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၁၃

စက်တင်ဘာ၁၂ရက်က ကမ္ဘာ့ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် အိုက်ဟာရီကိန်း မုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ပြီး ဒီရေ ၂၅ပေအထိ မြင့်တက်လာ၍ နေအိမ်များပျက်စီးခဲ့ခြင်း၊ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မြောက်ဘက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခြင်း၊ တရုတ်(တိုင်ပေ)တွင် ဆင်လာကူတိုင်ဖွန်း တိုက်ခတ်မှုဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

စက်တင်ဘာ၁၃ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့ပြီး ကချင်ပြည်နယ်၌ တိမ်အသင့်အတင့် ဖြစ်ထွန်းသည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ၁၃ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်(ရေဆင်း)	ဝ၁လက်မ ဝ၈လက်မ
လောင်းလုံ	၉၁လက်မ ၂၅လက်မ
သထုံ	၅၁လက်မ ၃၅လက်မ
ရေး	၄၁လက်မ ၉၂လက်မ
ထားဝယ်	၄၁လက်မ ၈၄လက်မ
ကော့သောင်း	၃၁လက်မ ၅၈လက်မ
မော်လမြိုင်	၃၁လက်မ ၄၂လက်မ
ပေါင်မြို့	၃၁လက်မ ၁၅လက်မ

စက်တင်ဘာ ၁၄ရက်**(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့၌ နေရာကွက်ကျားမိုးရွာနိုင်ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

စက်တင်ဘာ ၁၄ရက် **(ယနေ့)** နေပြည်တော်နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးအသင့်အတင့်ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၆)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'အပြောကောင်းသူများ အကောင်းပြောသူများ' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ရေကြောင်းသွားလာသူများ ရာသီဥတုခန့်မှန်းနိုင်ရန် တိမ်များအကြောင်း အသေအချာသိထားရန်လိုအပ်၊ မြန်မာ့ကျွန်းသစ်များ ရှရှားက ဈေးအမြင့်ဆုံးပေးမည်၊ အွန်လိုင်းမှ သွင်းကုန်ထုတ်ကုန်လိုင်စင်လျှောက်ထားစနစ် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၁ခုတွင် ဆောင်ရွက်သွားမည်၊ တိုင်းရင်းဆေးအချို့ကြော်ငြာရာတွင် အဆိပ်အတောက်မရှိဟု မပြုလုပ်သင့်၊ ၄၅ ဘတ်စ်ကားကြီးပေါက်ကွဲမှုဖြစ်၊ မွေးကင်းစကလေး ၉၀ ရာခိုင်နှုန်းတွင် အသည်းရောင်အသားဝါဘီပိုး ကူးစက်မှုဖြစ်ပွားနေ၊ ဝင်ခွင့်အမှတ်များမလိုဘဲ သင်တန်းကာလအတွင်း စင်ကာပူဒေါ်လာ ၅၀၀မှ ၇၀၀ကြားရမည့် ဟိုတယ် သင်တန်းများတက်နိုင်ပြီ၊ မြန်မာလူဦးရေ၏ ၁၀ရာခိုင်နှုန်းတွင် အသည်းရောင်အသားဝါ ဖြစ်ပွားလျက်ရှိစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ "တစ်ပတ်ထဲမှာပြောစရာ (Quotes of the Week)" ကဏ္ဍ၊ ရွှေ့ပြောင်းအလုပ်သမားနှင့် လူကုန်ကူးမှုအန္တရာယ်၊ ဘဝကိုဘယ်လိုဖြတ်သန်း ရှင်သန်ကြမလဲ၊ လိမ်နည်းတစ်မျိုး....ရှုမြင်သုံးသပ် ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'တွက်နည်းတွေပြင်မှ ဆင်းရဲသားတိုး' စီးပွားရေးသုံးသပ်ဆောင်းပါးနှင့်အတူ ပြောင်းလဲခြင်းဆိုသောစကားလုံးဖြင့် အိုဘားမားနှင့်မက်ကိန်း အပြိုင်အဆိုင်မဲဆွယ်၊ ယောကျ်ားလေးက မိခင်နှင့်တူသည့် ချစ်သူကိုရွေးချယ်၍ မိန်းကလေးက ဖခင်နှင့်တူသည့် ချစ်သူကိုရွေးတတ်ကြ၊ တက္ကသိုလ်တက်သားသမီး စိတ်မချသည့်မိဘများကို တက္ကသိုလ်အားကစားရုံ၌ တစ်ညအိပ်ခွင့်ပေး၊ ရုရှား၏ဆွဲဆောင်မှုအပြင်းဆုံးနိုင်ငံရေး သမားဆုပူတင်ဒုတိယရ၊ ရဲအရာရှိကို အသားညှပ်ပေါင်မုန့်လာဘ်ထိုးသူ တရားစွဲခံရ၊ ဘိန်းဖြူစွဲနေသည့်ဆင်ကို ဆေးဖြတ်ပေးခဲ့ရ၊ ခိုးယူထားသောဘရာစီယာများကို အွန်လိုင်းပေါ်မှတစ်ဆင့်ရောင်းချသူတရားစွဲဆိုခံရ၊ ဒိုင်ယာနာသေဆုံးစဉ်က ပျက်စီးခဲ့သောကား ပြင်သစ်ကားပိုင်ရှင်ကပြန်တောင်း၊ ဂျာနယ်လစ်ရေးသောစာအုပ်က အမေရိကန်-အီရတ် ဆက်ဆံရေးကိုထိခိုက်နိုင်စသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ သာယာလှပရေးဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၃

မြစ်ကြီးနား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် အနီးကပ်ကြီးကြပ်ကာ ဇူလိုင် ၃၀ရက်က ပြည်ထောင်စုလမ်းပန်းပေါင် အမှတ် ၄၁မှ ၄၅အထိ လမ်းလယ်ကျွန်း သန့်ရှင်းလှပရေးအတွက် မြက်ခင်းများကို မြက်ဖြတ်စက်ဖြင့် ဖြတ်ခြင်းနှင့် မြေဆွ၊ ပေါင်းရှင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကွင်းဆင်း၍ လိုအပ်မှုများဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ပရမ်းပတာပစ်ခတ်မှု အာဖဂန်နစ္စတန်တွင် အရပ်သားများသေဆုံးမှု စာရင်းထုတ်ပြန်

ကဘူးလ် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်တွင် တပ်ဖြန့်ချထားသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အင်အားအသုံးပြုတိုက်ခိုက်မှုကြောင့် ပြီးခဲ့သည့် သုံးလတာကာလအတွင်း အာဖဂန်နစ္စတန်၌ အရပ်သားများ ထိခိုက်သေဆုံးမှုစာရင်းကို အာဖဂန်နစ္စတန် အရာရှိများက စက်တင်ဘာ ၁၁ရက်၌ ထုတ်ပြန်လိုက်သည်။

ပြီးခဲ့သည့် ဇွန် ၁၀ရက်က အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ် မာတာခန် ခရိုင် အီဘရာဟင်ကာရစ်ဇ်ကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ရွာသား ၃၀ကျော် သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

မဆင်မခြင်တိုက်ခိုက်

တစ်ဖန်ပြီးခဲ့သည့် ဇူလိုင်၄ရက်က နိုရီစတန်ပြည်နယ် ဝေဂယ်လ်ခရိုင်တွင် အမေရိကန် နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက လေကြောင်းမှ မဆင်မခြင်တိုက်ခိုက်မှုကြောင့် ဒေသခံ ရွာသား ၂၃ဦး သေဆုံးခဲ့ရသည်။

အများအပြား ဒဏ်ရာရ

ထို့အတူ ဇူလိုင် ၁၄ရက်က နန်ဂါဟာပြည်နယ်တွင် အမေရိကန်တိုက်လေယာဉ်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ကလေးငယ်များအပါအဝင် ၄၇ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

အင်အားသုံး

ထို့အပြင် ဇူလိုင် ၁၄ရက်က နူရီစတန်ပြည်နယ်တွင် အမေရိကန်လေယာဉ်များက အင်အားသုံး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၃၀ခန့် သေဆုံးခဲ့ရကြောင်း၊ ယင်းတိုက်ခိုက်ခံရမှုမှာ ဝေဂါလ်ခရိုင်အတွင်းဖြစ်ကြောင်း သိရသည်။

လေကြောင်းမှ တိုက်ခိုက်

ထို့အတူ ဇူလိုင်၁၅ရက်က ဖရက်ပြည်နယ် ဘာကဝါခရိုင်တွင် အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ မဆင်မခြင်ပစ်ခတ်မှုကြောင့် အရပ်သားရှစ်ဦး သေဆုံးခဲ့ရသည်။ တစ်ဖန် ဇူလိုင် ၂၀ရက်၌ ဖတာပြည်နယ် အနာဒါရက်ခရိုင်အတွင်း အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သားကိုးဦး သေဆုံးခဲ့သည်။

လေးဦးသေဆုံး

ထို့အပြင် ဩဂုတ် ၇ရက်က ဂါဇိုင်းပြည်နယ်တွင် နေတိုးတပ်ဖွဲ့ဝင်များနှင့် တာလီဘန် လက်နက်ကိုင်များ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်တစ်ဦး အပါအဝင် လေးဦးသေဆုံးခဲ့သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ဘာကဝါခရိုင်တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရရှိသွားသည့် ကလေး ငယ်ကို စက်တင်ဘာ ၈ရက်က တွေ့ရစဉ်။

(အာဖဂန်နစ္စတန်နိုင်ငံအတွင်း လမ်းဘေးဗုံးခွဲမှုနှင့် အသေခံဗုံးခွဲမှုများ အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများမှာ စိုးရိမ်သောကများစွာနှင့် ရင်ဆိုင် ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ဦးခေါင်းကျည်ဆန်ထိမှန်၍ သေဆုံး

ယခုအထိ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၁၉ဦးရှိပြီ

ကဘူးလ် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ်တွင် စက်တင်ဘာ ၁၂ရက်ကဖြစ်ပွားသော တိုက်ပွဲ တစ်ခု၌ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ၎င်း၏ဦးခေါင်းအား ကျည်ဆန်ထိမှန်ခံရ၍ သေဆုံးသွားခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် စက်တင်ဘာ၁၀ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် အကြမ်း ဖက်တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့က သတင်းထုတ်ပြန် သည်။

ပေါက်ကွဲမှုဖြစ်

သေဆုံးသည့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင် နှစ်ဦးတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ပါဝင်သည်။ ယင်းဗြိတိသျှ တပ်ဖွဲ့ဝင်မှာ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ် ၌ ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း လန်ဒန် အခြေစိုက် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုသေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် အပါအဝင် ယနေ့အထိ အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၁၉ဦးရှိသွားပြီဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်အတွင်း ဗြိတိသျှ တပ်ဖွဲ့ဝင် ၇၈၀၀ကို တပ်ဖြန့်ချထားလျက်ရှိကြောင်း၊ မူဆာကွာလာ မြို့၌ လုံခြုံရေးကင်းလှည့် စစ်ဆေးစဉ် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး ယင်းဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးခဲ့ခြင်းဖြစ်သည်။

သေဆုံး

သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များတွင် ၉၂ဦးမှာ တိုက်ပွဲများ အတွင်း သေဆုံးခဲ့ခြင်းဖြစ်ကာ ကျန်၂၇ဦးမှာ တိုက်ပွဲမဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရ သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ ကလေးငယ်တစ်ဦး ဒဏ်ရာရ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိခိုက် ဒဏ်ရာရရှိသွားသည့် လေးနှစ်သားအရွယ် ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးဝါး ကုသမှုခံယူလျက်ရှိသည်ကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နယ်စပ်တွင် အမေရိကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်မှု အရပ်သား ၂၅ဦးသေဆုံး၊ ၂၀ဒဏ်ရာရရှိ

မီရှန်ရှက်ဖ် စက်တင်ဘာ ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ ဝါဇီရစ္စတန် ပြည်နယ်မြောက်ပိုင်း မီရှန်ရှက်ဖ်မြို့အနီး အာဖဂန်နစ္စတန်နယ်စပ်မှ ကျေးရွာတစ်ရွာရှိ စာသင်ကျောင်းတစ်ကျောင်းကို စက်တင်ဘာ ၈ရက်က အမေရိကန်တို့ အဆင်ခြင်မဲ့စွာ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသား ၁၆ဦး၊ အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ်သုံးဦး သေဆုံးခဲ့ရာ စုစုပေါင်း ၂၅ဦး သေဆုံးခဲ့သည်။

နီးစပ်ရာဆေးရုံသို့ပို့

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူ ၂၀တွင် အမျိုးသမီးများနှင့် ကလေးအများစုပါဝင်ကြောင်း၊ ၎င်းတို့ကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ယင်းသတင်း၌ ဖော်ပြ သည်။

အရပ်သား ၉၅ဦးသေဆုံး

ယင်းနယ်စပ်ဒေသရှိ အာဖဂန်နစ္စတန်ပိုင် နယ်မြေအတွင်း ပြီးခဲ့သည့် ဩဂုတ် ၂၂ရက်က အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သား ၉၅ဦးသေဆုံးခဲ့ကြောင်း၊ ၎င်းတို့ အနက် အမျိုးသမီး ၁၀ဦးနှင့် ကလေးငယ် ၆၀တို့ ပါဝင်ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဒူဂျေးလ်မြို့ ဈေးအတွင်း ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုလ အတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုများ ပိုမို များပြားလာလျက်ရှိကြောင်း၊ ယခုလဆန်း ကလည်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကန်ဒါဟာပြည်နယ် စပန်ဘိုလ်ဒက် ဒေသ၌ ဆောက်လုပ်ရေး ဝန်ထမ်းများမှာ လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် အလုပ် လုပ်ကိုင်နေစဉ် လမ်းဘေးဗုံး ပေါက်ကွဲ ထိမှန်ကာ တစ်ဦးသေဆုံးပြီး တစ်ဦး ပြင်းထန်စွာ ထိခိုက် ဒဏ်ရာရရှိသွား ခဲ့သည်။

ထို့အပြင် ရဲတပ်ဖွဲ့များ စီးနင်းလိုက် ပါလာသည့်ကားတစ်စီးမှာလည်း လမ်းဘေး ဗုံးပေါက်ကွဲထိမှန်ကာ ရဲတပ်ဖွဲ့ဝင်သုံးဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ သည်။ **(အင်တာနက်)**

အီရတ်မြောက်ပိုင်း၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား အရပ်သား ၃၂ဦးသေဆုံး၊ ၆၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ၄၅မိုင်အကွာ ဆာလာဟူဒင်ပြည်နယ်ရှိ ဒူဂျေးလ်မြို့ဈေးတစ်ဈေးအနီးရှိ ရဲစခန်းအား စက်တင်ဘာ ၈ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ၃၂ဦးသေဆုံးပြီး ၆၀ဒဏ်ရာရရှိ ခဲ့ကြောင်း၊ သေဆုံးသူများအနက် အမျိုးသမီးခုနစ်ဦးနှင့် ကလေးလေးဦး ပါဝင်ကြောင်း၊ ကား ၁၀စီးလည်း မီးလောင်ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသေအပျောက်များ

အဆိုပါ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် ရဲစခန်းအနီးရှိဈေး၌ ဒေသခံ ပြည်သူများ၊ ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေချိန်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေ အပျောက်များရခြင်းဖြစ်ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်

ယင်းနေ့တွင် အီရတ်နိုင်ငံမြောက်ပိုင်း နီပက်ပြည်နယ်ရှိ ဆင်ဂျာမြို့တွင် အခြား အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု တစ်ခုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့ ကြောင်း သိရသည်။

ဒူဂျေးလ်မြို့တည်ရှိရာ ဆာလာဟူဒင်ပြည်နယ်သည် အီရတ်တွင် ယခင်က အကြမ်း ဖက်မှု အထူပြောဆုံးပြည်နယ်များအနက်မှ ပြည်နယ်သစ်တစ်ခု ဖြစ်သည်။

(အင်တာနက်)

အမေရိကန်ပြည်သူများ မသန့်ရှင်းသည့်ရေများ သောက်သုံးနေရ

ဝါရှင်တန် စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံသား ၄၉သန်းခန့်သည် သန့်ရှင်းမှုမရှိသော သောက်သုံးရေများကို သောက်သုံးနေကြရကြောင်း၊ သောက်သုံးရေများတွင် ဆေးဝါးများပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း အမေရိကန်နိုင်ငံကျန်းမာရေးသုတေသနဌာနမှ စက်တင်ဘာ ၁၂ရက်က ထုတ်ပြန်သော လေ့လာချက်တစ်ရပ်၌ ဖော်ပြသည်။

ဖော်ပြ

အမေရိကန်နိုင်ငံရှိ မြို့ကြီးအများစုတွင် သောက်သုံးရေများကို စနစ်တကျစမ်းသပ်မှုမရှိဘဲ သောက်သုံးနေကြကြောင်း၊ ထိုသို့သောရေများကို သောက်သုံးနေသည့် အမေရိကန်နိုင်ငံသားဦးရေမှာ ယခင်ကထက် များပြားလာကြောင်း ၄င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံအတွင်းရှိ မြစ်၊ ချောင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်ရုံ အလုပ်ရုံများမှ စွန့်ထွက်ပစ္စည်းများကြောင့် မသန့်ရှင်းသောရေများကို စစ်ဆေးမှုပြုရာတွင် အမေရိကန်ပြည်သူ ၄၁သန်းခန့်မှာ သောက်သုံးရေ မသန့်ရှင်းသည့် ဆိုးကျိုးကို ခံစားနေရကြောင်း အေပီသတင်းဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်၌လည်း ဖော်ပြသည်။ အဆိုပါမသန့်ရှင်းသည့် သောက်သုံးရေများကို သောက်သုံးနေသည့် လူဦးရေမှာ အမေရိကန်ပြည်သူ ၄၉သန်းခန့်ရှိကြောင်း သိရသည်။

ညစ်ညမ်း

အေပီသတင်းဌာနက ယင်းသတင်းနှင့် ပတ်သက်၍ ထုတ်ဖော်ရေးသားခဲ့ရာမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် အမေရိကန်မြို့ပြ ၂၇နေရာ၌ တာဝန်ရှိသူများက သောက်သုံးရေများကို စနစ်တကျစစ်ဆေးခဲ့ရာတွင် နေရာ ၁၇နေရာ၌ သောက်သုံးရေညစ်ညမ်းမှုများ ရှိနေကြောင်း တွေ့ရှိရသည်ဟု သိရသည်။

(အင်တာနက်)

မျိုးသုဉ်းတော့မည့် ငါးမျိုးစိတ်များ

ဇီဝသိပ္ပံ

မြောက်အမေရိကရှိ ငါးမျိုးစိတ်၏ ၄၀ ရာခိုင်နှုန်းမှာ မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ ယင်းမှာ ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကြောင့် ပင်လယ်ရေအပူချိန်မြင့်တက်လာ၍ဖြစ်ကြောင်း အမေရိကန် အဏ္ဏဝါဗေဒသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

မျိုးသုဉ်းမည့်အနေအထား

မြောက်အမေရိကတိုက်သည် ကမ္ဘာပေါ်တွင် ရေချိုပေါများသည့် ရေပြင်များစွာရှိသော နေရာဒေသတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် ငါးမျိုးစိတ်ပေါင်း ၇၀၀ခန့် နေထိုင်ကျက်စားလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ယခုအခါ ငါးမျိုးစိတ် ၂၃၀ခန့်မှာ မျိုးသုဉ်းမည့်အနေအထားရှိနေကြောင်း သိရသည်။

သေဆုံး

ထိုသို့ မျိုးသုဉ်းပျောက်ကွယ်တော့မည့် ငါးမျိုးစိတ် ၂၃၀အနက် ငါးမျိုးစိတ်ပေါင်း ၁၉၀ခန့်မှာ သေဆုံးတော့မည့် အခြေအနေသို့ ရောက်ရှိနေကြောင်း၊ အချို့ငါးမျိုးစိတ်များမှာ ယခုကပင် သေဆုံးနေပြီဖြစ်ကြောင်း ၄င်းတို့က သတိပေးထားသည်။

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေစီးကြောင်းများပြောင်းလဲမှု၊ ရေနံယိုဖိတ်မှုများအပါအဝင် လက်နက်စမ်းသပ်မှုများကြောင့်လည်း ငါးမျိုးစိတ်များ သေဆုံးပျက်စီးလျက်ရှိရာ သတိပြုထိန်းသိမ်းသင့်ကြောင်း အမေရိကန် အဏ္ဏဝါဗေဒပညာရှင်များက ပြောကြားသည်။

လိမ္မာရေးခြားရှိခဲ့ပါသော်လည်း ....

နိုင်ငံတကာမှုခင်း

ဗြိတိန်နိုင်ငံ၏ မြို့တော် လန်ဒန်မြို့သည် လူနေသိပ်သည်းကာ အလွန် စည်ကားလှသော မြို့ကြီး ဖြစ်သည်။ လူနေထူထပ်သည့် အားလျော်စွာ ရာဇဝတ်မှုခင်းဖြစ်ပွားမှု များပြားသဖြင့် လူအများစုမှာ သတိနှင့်သွားလာကြရသည်။ ပြဿနာများသည် လူငယ်အုပ်စုများတွင် ဖြစ်လေ့ရှိကြသည်။ ထို့ကြောင့်လူငယ်များအနေဖြင့် ပိုမိုဂရုစိုက်ကြရလေ့ရှိသည်။

အလိုလိုက်အကြိုက်ဆောင်

လန်ဒန်မြို့အရှေ့ပိုင်းတွင် ရာရှစ် အမည်ရှိ အမျိုးသားကြီးနှင့် နိုင်မာဘင်ယာမက်အမည်ရှိ အမျိုးသမီးတို့တွင် အာမက်ဒ်ဘင်ယာမက်(**ယာပုံ**)အမည်ရှိ တစ်ဦးတည်းသောသား ရှိသည်။ ရာရှစ်နှင့် နိုင်မာဘင်တို့ ဇနီးမောင်နှံသည် ချမ်းသာကြသူများဖြစ်သဖြင့် သားလေး အာမက်ဒ်အား လိုအပ်သမျှကိုပံ့ပိုးကာ အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။ သူ့တွင် အသက်၄၇နှစ်ရှိ မီနာဘင်ယာမက်အမည်ရှိ အဒေါ်တစ်ဦးလည်း ရှိသည်။

ထူးချွန်ထက်မြက်

အာမက်ဒ်သည် မိဘများ၏ အလိုလိုက် အကြိုက်ဆောင်ကာ မျက်နှာသာပေးမှုခံရသော်လည်း ဆိုးမိုက်ခြင်းမရှိဘဲ မိဘများအပေါ် သိတတ်ကာ လိမ္မာရေးခြားရှိပြီး ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစားသည့် ထူးချွန်ထက်မြက်သော သားလိမ္မာ လေးတစ်ဦး ဖြစ်သည်။

သွားရောက်စုံစမ်း

အာမက်ဒ်သည် ဂျီစီအက်စ်အီးစာမေးပွဲကို ကျွမ်းကျင်ပိုင်နိုင်စွာ ဖြေဆိုထားနိုင်သူ ဖြစ်သည်။ ဂျီစီအက်စ်အီးစာမေးပွဲအောင်စာရင်းကို ဩဂုတ် ၂၃ရက်က ထုတ်ပြန်ခဲ့သည်။ ထိုသို့မထုတ်ပြန်မီတစ်ရက်အလိုဖြစ်သည့် ဩဂုတ် ၂၂ရက်က အာမက်ဒ်သည် သူငယ်ချင်းနှစ်ဦးနှင့်အတူ သူတက်ရောက်ဖြေဆိုခဲ့သောကျောင်းသို့ အောင်စာရင်း ထွက်မည့်အချိန်ကို သွားရောက်စုံစမ်းခဲ့သည်။

ပြေးဝင်လာ

ထိုမှအပြန်တွင်မူ အာမက်ဒ်သည် အသုံးအဆောင်ပစ္စည်းအချို့ဝယ်ရန် တာဝါတစ်ခု၏၁၃ထပ်မြောက်တွင် ဖွင့်လှစ်ထားသော ကုန်တိုက်သို့ သွားရောက်ခဲ့သည်။ ကုန်တိုက်အတွင်း လှည့်လည် ကြည့်ရှုရင်းမှ ပြန်အထွက်တွင် လူသူပြတ်လပ်သောစင်္ကြံတစ်ခုသို့ အရောက်၌ ခေါင်းစွပ်ဂျာကင်အင်္ကျီများကို ဝတ်ဆင်လျက် မျက်နှာဖုံးစွပ်ထားသော ဆိုးသွမ်းလူငယ်ခြောက်ဦးသည် သူ့ထံသို့ ပြေးဝင်လာသည်ကို တွေ့ခဲ့ရသည်။ ထို့အပြင် လူငယ်တစ်ဦး၏လက်ထဲ၌ ဓားမြှောင်ပါသည်ကို တွေ့လိုက်ရသည်။

ရင်ကျိုးခဲ့ရ

အာမက်ဒ်သည် သူ၏ အန္တရာယ်ကို သိမြင်၍ ထွက်ပြေးခဲ့ရာ လသာဆောင်သို့အရောက်တွင် ပြေးစရာမရှိတော့သဖြင့် ဝရန်တာမှကျော်တက်ကာ တိုက်နံရံရှိပိုက်လိုင်းကိုကိုင်ပြီး လျှောချရာမှ တိုက်၏ခုနစ်ထပ်ရှိ လသာဆောင်ပေါ်သို့ ပြုတ်ကျခဲ့သည်။ ထိုမှတစ်ဆင့် အရှိန်လွန်ကာ မြေပြင်ပေါ်သို့ပြုတ်ကျသေဆုံးခဲ့သည်။ ဆိုးသွမ်းလူငယ်များမှာမူ ဆိုင်ကယ်များဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ သက်ဆိုင်ရာက ၄င်းတို့အား လိုက်လံရှာဖွေ ဖမ်းဆီးလျက်ရှိသည်။ နောက်တစ်နေ့တွင် ဂျီစီအက်စ်အီးအောင်စာရင်း ထွက်ခဲ့ရာ အာမက်သည် ကိုးဘာသာစလုံးကို ထူးချွန်စွာအောင်မြင်ခဲ့ရာ မိဘများမှာ ရင်ကျိုးခဲ့ရတော့သည်။

အသက်ဆုံးရှုံး

ယခုဖြစ်ရပ်တွင် သားလိမ္မာပီသစွာ နေထိုင်ခဲ့ပါသော်လည်း ကံကြမ္မာဆိုး၏ မွှေနှောက်ဖျက်ဆီးမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော အာမက်ဒ်ဘင်ယာမက်၏ ကြေကွဲဖွယ်ရာဖြစ်ရပ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ရာရှစ်နှင့်နိုင်မာဘင်တို့ ဇနီးမောင်နှံသည် ချမ်းသာကြသူများဖြစ်သဖြင့် သားလေး အာမက်ဒ်အား လိုအပ်သမျှကိုပံ့ပိုးကာ အလိုလိုက်အကြိုက်ဆောင်ခဲ့။

ဘဝအမောပြေ

သန့်စင်ပေးမယ်

ကနေဒါနိုင်ငံ တိုရွန်တိုမြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ပျံသန်းလာသော ခရီးသည်တင်လေယာဉ် တစ်စင်းပေါ်၌ လေယာဉ်မယ် အမှားကြောင့် ခရီးသည်တစ်ဦး၏ ကိုယ်ပေါ်သို့ အစားအသောက်များ ဖိတ်ကျသွားခဲ့ရာ....

ခရီးသည် ။ ။ ဘယ်လိုဖြစ်တာလဲ။

လေယာဉ်မယ် ။ ။ တောင်းပန်ပါတယ်ရှင်။

ခရီးသည် ။ ။ အဝတ်အစားတွေ ပေကုန်ပြီဗျ။

လေယာဉ်မယ် ။ ။ ဝမ်းနည်းပါတယ်...ကျွန်မအပြစ်ပါ။

ခရီးသည် ။ ။ အလုပ်ကိုသေသေချာချာဂရုစိုက်လုပ်မှပေါ့။

လေယာဉ်မယ် ။ ။ ဟုတ်ကဲ့...မတော်တဆဖြစ်သွားတာပါ။

ခရီးသည် ။ ။ ကဲ...အခုဘယ်လိုလုပ်မလဲ။

လေယာဉ်မယ် ။ ။ ကျေးဇူးပြုပြီး... လေယာဉ်အပြင်ဘက် ခဏထွက်ရပ်ပေးပါ၊ အဝတ်တွေ သန့်စင်ပေးပါ့မယ်။

ခရီးသည် ။ ။ 'ဘာကွ'

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သီရိလင်္ကာ ကိုလံဘိုမြို့တော်အနီး ရထားလမ်းဖောက်ခွဲ တိုက်ခိုက်ခံရ

ကိုလံဘို စက်တင်ဘာ ၁၃

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တော်အနီး မီးရထားလမ်းတွင် နှစ်ရက်အတွင်း ဒုတိယအကြိမ် ပေါက်ကွဲမှုတစ်ရပ် စက်တင်ဘာ ၁၁ရက်ကဖြစ်ပွားရာ ထိခိုက်သေဆုံးသူမရှိကြောင်း၊ အနည်းငယ် ပျက်စီးသွားကြောင်း သက်ဆိုင်ရာက ကြေညာသည်။

ရထားလမ်းဖောက်ခွဲ

ကိုလံဘိုမြို့တော်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကေလာနီယာမြို့အနီး ရထားလမ်းကို ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်သည်။

ထိခိုက်ခြင်းမရှိ

မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ခြင်းမရှိကြောင်း၊ ရထားလမ်း တစ်ပေခန့်သာ ပျက်စီးသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်နာနာယာကာရာက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရှန်ဟိုင်းကားပြပွဲ

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ကျင်းပလျက် ရှိသည့် ၂၀၀၈ ရှန်ဟိုင်းကားပြပွဲတွင် ပြိုင်ကားတစ်စီးအား လာရောက် ကြည့်ရှုသူတစ်ဦး ဓာတ်ပုံ ရိုက်ကူးနေသည်ကို စက်တင်ဘာ၁၂ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

ဘဝဒဿန

Half the misery in the world comes of want of courage to speak and to hear the truth plainly and in a spirit of love.

ကမ္ဘာကြီးတွင်အဆင်မပြေမှု၏ ထက်ဝက်ခန့်မှာ ချစ်ခင်မှုအရင်းခံ၍ အမှန်တရားကို ပွင့်လင်းစွာမပြောရဲ၊ နားမထောင်ရဲသောကြောင့်ပင် ဖြစ်သည်။

မစ္စက်ဟာရီယက်တ်ဘီချာစတိုဝီ
(အမေရိကန်လူမျိုးစာရေးဆရာမ)

Be sincere.Be simple in words, manner and gestures.

If you can make a laugh, you can make him think and make him like and believe you.

ရိုးသားဖြူစင်ပါ။ စကားပြောရာတွင်လည်းကောင်း၊ ပြုမူလုပ်ဆောင်ရာတွင်လည်းကောင်း တစ်ပါးသူအား ပြုံးရွှင်ရယ်မောလာအောင်၊ တွေးတောနိုင်အောင်၊ နှစ်သက်လာအောင် ဆွဲဆောင်နိုင်လျှင် သင့်အပေါ်ယုံကြည်လာပေမည်။

အဲလ်ဖရက်ဒ်အီးစမစ်(အမေရိကန်လူမျိုးနိုင်ငံရေးသမား)

14-9 (05).pmd 1 9/15/2008, 3:25 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လှိုင်ကော်မြို့နယ်ရှိ လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** သင်တန်းကျောင်းရှိ ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကိုပေးအပ်သည်။

ပေးအပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသည့် သုတရသစာအုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှလှူဒါန်းသည့် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို တာဝန်ရှိသူများက ကျောင်းအုပ်ထံ ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လှိုင်ကော်မြို့ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လှိုင်ကော်မြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေး၊ လမ်း၊ တံတားလုပ်ငန်း ဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် တည်ဆောက်ထားသော မိုးဗြဲရေလှောင်တမံ၊ မိုးဗြဲရေလှောင်ကန်၊ ရေထိန်းတံခါးသို့ရောက်ရှိ၍ ရေထိန်းတံခါးဖြင့် ရေထိန်းသိမ်းထားရှိမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အား အဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ရေသိုလှောင်ထုတ်လွှတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ် ဖယ်ခုံမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဖယ်ခုံမြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဆေးရုံအတွင်းရှိ ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ် ဒေါက်တာစောအောင်ရွှေဖြူထံ ပေးအပ်သည်။ ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဖယ်ခုံမြို့ အောင်စစ်သည်ခန်းမ၌ ဖယ်ခုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ပေးအပ်သည်။ **(သတင်းစဉ်)**

■ ကျော့ဖုံးမှ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက် အမှတ်(၂)လမ်းပေါ်ရှိ ထနောင်းကုန်း ကျေးရွာအနီး အရှည်ပေ ၃၀၊ အကျယ် ၁၄ပေရှိ သစ်သားတံတား တည်ဆောက်နေမှုနှင့် တွင်းရွာကျေးရွာအနီးရှိ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လှိုင်းတက်စည်သွတ်စက်ရုံနှင့် အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်တူးဖော်

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ကုန်းတောင်ကျေးရွာ ရေလှို့ဇုန်သို့ ရောက်ရှိပြီး ရေလှို့တွင်းများ စမ်းသပ်တူးဖော်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ် တစ်ဧကတင်း ၂၀၀အထူးအထွက်ကောင်းစပါးစံပြစိုက်ခင်း ၇၅ဧက ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ထွန်တုံးပိတ်ပွဲတွင် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အထူးအထွက်ကောင်းစပါးစိုက်ခင်း ထွန်တုံးပိတ်ပွဲနှင့် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ကောက်စိုက်နေမှုများကို ကြည့်ရှုအားပေးပြီး စံပြ ၇၅ ဧကတွင် တစ်ဆက်တစ်စပ်တည်း အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မန္တလေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒိုင်ကောင်းကုန်း လျှပ်စစ်မြစ်ရေတင်စခန်းသို့ ရောက်ရှိပြီး ဒိုင်ကောင်းကုန်းရေတင်မြောင်းများ၏ ဝဲ/ယာနှင့် ပတ်ဝန်းကျင်၌ စပါးစိုက်ပျိုး ထားရှိမှု၊ ရေပေးမြောင်းများ၌ ရေဝင်ရောက်မှုနှင့် အဆင့်(၂) ရေပေးဝေမှုလုပ်ငန်းအတွက် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ထွက်ခွာလာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

❐ ကျော့ဖုံးမှ

အိုက်ဟာရီကိန်း မုန်တိုင်းကြောင့် ရေလွှမ်းမှုနှင့် မြစ်ရေလျှံမှုများဖြစ်ပွားရာ အချို့နေရာများတွင် ရေအမြင့် ရှစ်ပေအထိ ရောက်ရှိခဲ့ကြောင်း၊ ရေဘေးဒုက္ခ ကြုံတွေ့နေရသည့် ဒေသခံဦးရေမှာ တစ်သိန်းခန့်ရှိကြောင်း၊ လူနှစ်သန်းကျော် ဓာတ်အားပြတ်တောက်မှုကြုံတွေ့ရကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းဌာနက သတင်းထုတ်ပြန်ထားသည်။

အိုက်ဟာရီကိန်း မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံရသည့် နေရာများမှာ ဟူစတန်နှင့် ဂါလ်ဗက်စတန်မြို့များဖြစ်ပြီး အာကင်ဆက်ပြည်နယ် အနောက်ပိုင်းဒေသများသို့လည်း ဖြတ်သန်းတိုက်ခတ်သွားကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်
(၁၄-၉-၂၀၀၈)ရက်နေ့
နှင့်
(၂၈-၉-၂၀၀၈)ရက်နေ့

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန် လော့စ်အိန်ဂျလိစ်မြို့ အနီး၌ ရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိ၊ ၁၅ဦးသေဆုံး

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီးတွင် စက်တင်ဘာ ၁၃ရက် ဒေသစံတော်ချိန် ညနေ ၃နာရီ ၃၅မိနစ်က ခရီးသည်တင် ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ(အပေါ်ပုံ) ၁၅ဦး သေဆုံးပြီး ဒဏ်ရာအများအပြားရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ရထားနှစ်စင်းတိုက်မိသည့်နေရာမှာ ယူနီယံဘူတာအနီးတွင်ဖြစ်ပြီး ခရီးသည်တင်ရထားမှာ မြို့ပတ်ရထားဖြစ်ကာ ခရီးသည်၃၅၀ခန့် စီးနင်းလိုက်ပါလာကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအား ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးထားသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ ဗုံးများပေါက်ကွဲ အနည်းဆုံး လူ၂၀သေဆုံး၊ ၉၀ခန့်ဒဏ်ရာရရှိ

နယူးဒေလီ စက်တင်ဘာ ၁၃

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာ ၁၃ရက်က မိနစ်ပိုင်းခြား၍ ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ၂၀သေဆုံးပြီး ၉၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများမှာ နယူးဒေလီမြို့ဈေးများအတွင်း ပေါက်ကွဲခဲ့ခြင်းဖြစ်ရာ အင်အားပြင်းထန်သော ဗုံးအမျိုးအစားများမဟုတ်ကြောင်း၊ ၄င်းဗုံးများပေါက်ကွဲမှုကြောင့် အနီးရှိအဆောက်အအုံအချို့ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း ၄င်းတို့ကပြောကြားသည်။ **(အပေါ်ပုံ)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အင်ဒိုနီးရှားအရှေ့ပိုင်းမာလူကူ၌ ငလျင်လှုပ် အဆောက်အအုံအချို့ပျက်စီး

ဂျကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်တွင် စက်တင်ဘာ ၁၃ရက် ဒေသစံတော်ချိန် နံနက် ၉နာရီ ၄ မိနစ်က ရစ်ချ်တာစကေး ၆ဒသမ၁ အင်အားရှိသော ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

အဆိုပါငလျင်သည် မာလူကူပြည်နယ်မြောက်ပိုင်း အမ်ဘွန်မြို့ အရှေ့မြောက်ဘက် ပင်လယ်ပြင်ကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်ပြီး အမ်ဘွန်မြို့ရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကာ အချို့အဆောက်အအုံများ ပျက်စီးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

တရုတ်မြောက်ပိုင်းရှန်စီပြည်နယ်၌ မြေပြိုမှု သေဆုံးသူ ၁၇၈ ဦးအထိရှိလာ

ပေကျင်း စက်တင်ဘာ ၁၃

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် ယခုသီတင်းပတ်အစောပိုင်းက သံသတ္တုမိုင်းတွင်းတစ်တွင်းပြိုကျခဲ့မှုကြောင့် သေဆုံးသူဦးရေမှာ စက်တင်ဘာ ၁၃ရက် ညနေ ၆နာရီအထိ ၁၇၈ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

ဖော်ထုတ်

အဆိုပါ မိုင်းတွင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျခဲ့ခြင်းဖြစ်ပြီး မြေကြီးများအောက်မှ ပိတ်မိသေဆုံးနေသူများကို ရှာဖွေလျက်ရှိသည်။ (အပေါ်ပုံ) ယခုအခါ မြေကြီးအောက်မှ ပိတ်မိနေသူများကို အားလုံးနီးပါး ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

စပိန်နိုင်ငံ မက်ဒရစ်မြို့အနီး ဆီးနှင်းများထူထပ်

မက်ဒရစ် စက်တင်ဘာ ၁၃

စပိန်နိုင်ငံ မက်ဒရစ်မြို့အနီး ဝန်းကျင်ဒေသများတွင် စက်တင်ဘာ ၁၃ရက်နံနက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ကြောင်း စပိန်နိုင်ငံသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့သည့်နေရာမှာ မက်ဒရစ်မြို့မြောက်ဘက် မိုင်၃၀ခန့်အကွာ ဒေသများတွင်ဖြစ်ပြီး ကားလမ်းများပေါ်၌ ဆီးနှင်းထုနှစ်ပေခန့်အထိ ဖုံးလွှမ်းခဲ့ရာ မော်တော်ယာဉ်သွားလာမှု ပြတ်တောက်သွားခဲ့သည်။ မော်တော်ကားလမ်းများပေါ်မှ ဆီးနှင်းများကို တာဝန်ရှိဝန်ထမ်းများက ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်းသိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး

ကျွန်းစုမြို့နယ် ကဏန်းကျွန်း ကဏန်းမွေးမြူရေးစခန်းနှင့် မြိတ်မြို့ရှိ ငါးပုစွန် အအေးခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ပန်းလုံးအော်ကျွန်း၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၇ရက်က ပန်းလုံးအော်ကျွန်းရှိ ကျော်ကျော်ဖြိုးကုမ္ပဏီ၏ တစ်နေ့တန် ၅၀ကျ ရေခဲစက်၊ တန် ၁၀၀ ဆံ့ အအေးခန်းစက်ရုံနှင့် အရည်အသွေးပြည့်မီသည့် ငါး၊ ပုစွန်များအား အမျိုးအစားခွဲခြားပြီး အအေးခန်း၌ အအေးခံထားရှိပြီးသည့် ငါး၊ ပုစွန်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ပန်းလုံးအော်ကျွန်းမှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၈နာရီခွဲတွင် ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာအုပ်စု သဲချောင်းကျေးရွာသို့ ရောက်ရှိ၍ နေအိမ်ဈေးဆိုင်များနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းကို ကြည့်ရှုကြပြီး ကျေးရွာရှိ အမှတ် (၇၀)အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ မီးဘေးသင့်မိသားစုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

အဆိုပါကျေးရွာ မီးဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်း အမျိုးသားဝတ်လုံချည် ၁၇၁ထည်၊ အမျိုးသမီးဝတ်လုံချည် ၁၇၁ထည်နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၀တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် နံနက်၁၁နာရီ မိနစ် ၄၀တွင် ကျွန်းစုမြို့နယ် ကဏန်းကျွန်းကောင်းကောင်းမွေးမြူရေး ကုမ္ပဏီလီမိတက်၏ ဒေါင်းတူးမော် ကဏန်းမွေးမြူရေးစခန်းသို့ရောက်ရှိကြပြီး ဖောင်ဖြင့်ကဏန်းမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့အဆောင်ကောင်းစက်မှုလုပ်ငန်းများ ကုမ္ပဏီလီမိတက်၏ အအေးခန်းများအတွင်း ခုံကောင်များမှ အသားထုတ်နေမှု၊ အရည်အသွေးပြည့်မီသည့် ပုစွန်နှင့် ကဏန်းတို့အား ကုန်ချောဖြစ်အောင် အဆင့်ဆင့်ပြုလုပ်နေမှု၊ ပုစွန်များအား ပါကင်ထုပ်ပိုးထားရှိမှု၊ ပုစွန်ပြုလုပ်သည့် စက်ရုံအတွင်း ပုစွန်ခြောက်များအား အဆင့်ခွဲခြားရွေးချယ်နေမှုနှင့် ပုစွန်ကိုပြုတ် အခြောက်လှန်းခံစက်တို့ဖြင့် အခြောက်လှန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် အေအက်(စ်)ကေအက်ဒမန်ကုမ္ပဏီလီမိတက်၏ ငါးကုန်ကြမ်းစက်ရုံနှင့် အအေးခန်းအတွင်း ငါးများကို ကုန်ကြမ်းမှကုန်ချောဖြစ်အောင် အဆင့်ဆင့် ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ကုန်ပစ္စည်းကို စံချိန်စံညွှန်းပြည့်မီမှု သိရှိစေရန် စက်ကိရိယာတိုင်းထွာနေမှုနှင့် ပိုးသတ်ထားသည့်အအေးခန်းအတွင်း ကင်းမွန်များကိုတန်ဖိုးရှိထုတ်ကုန်ဖြစ်အောင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေငန်ပုစွန်

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မင်းဇာနည်ကုမ္ပဏီလီမိတက်၌ အရည်အသွေးပြည့်မီသည့် ရေချိုငါး၊ ရေချိုပုစွန်နှင့် ရေငန်ပုစွန်များအား ပါကင်ထုပ်ပိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ကစက်သုံးဆီများ အမှန်တန်ဖိုးထက်လျှော့၍ရောင်းချပေး

ပြည်သူများ စက်သုံးဆီအခြင်အတွယ် အပြည့်အဝရရှိစေရန် လုပ်ငန်းအလိုက် ဦးဆောင်ညွှန်ကြားရေးမှူးများကိုယ်တိုင်တာဝန်ယူ

စက်သုံးဆီမသမာမှုမဖြစ်စေရေး နည်းလမ်းမျိုးစုံသုံး စစ်ဆေးသွားမည်

နေပြည်တော် စက်တင်ဘာ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၈ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး(ရောင်းချရေး)၊ အထွေထွေမန်နေဂျာ ပင်မသိုလှောင်ဖြန့်ဖြူးရေး(ဓနိတော)၊ ရန်ကုန်တိုင်း အရှေ့ပိုင်းနှင့် အနောက်ပိုင်း တိုင်းရောင်းဝယ်ရေး အရာရှိများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှာကြား

ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ပြည်သူများအား စက်သုံးဆီများကို အမှန်တန်ဖိုးထက်လျှော့၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ပြည်သူများ စက်သုံးဆီအခြင်အတွယ် အပြည့်အဝရရှိစေရန် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ရေနံချက်စက်ရုံမှူးများ၊ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနမှူးများနှင့် စက်သုံးဆီအရောင်းဆိုင်များ တစ်ခုနှင့်တစ်ခု စက်သုံးဆီထုတ်ပေး၊ သယ်ယူ၊ ဖြည့်တင်းရာတွင် မှန်ကန်တိကျစေရန်အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဦးဆောင်ညွှန်ကြားရေးမှူးများကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရန် ညွှန်ကြားပြီးဖြစ်ကြောင်း၊ စက်သုံးဆီ မသမာမှုများမဖြစ်ပွားစေရန် ဝန်ကြီးဌာနမှ နည်းလမ်းမျိုးစုံအသုံးပြု၍ စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည်ဖြစ်ပြီး မသမာမှုများတွေ့ရှိပါက ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူများနှင့် ပြေပြစ်စွာ ဆက်ဆံသွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ဥက္ကဋ္ဌဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေး

စစ်တွေ စက်တင်ဘာ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက် မွန်းလွဲ ၁နာရီက စစ်တွေမြို့ရှိ ဓညဝတီအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်နှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်အားပေးကြပြီး အနိုင်ရဗိုလ်စွဲသွားသော စစ်တွေမြို့နယ် အမျိုးသားအသင်းအား ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်က ဒိုင်းဆုချီးမြှင့်ပေးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

လှိုင်မြို့နယ် ပြန်/ဆက်ဦးစီးဌာနကြီးမှူး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲ

ရန်ကုန် စက်တင်ဘာ ၁၃

လှိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက်၉နာရီက အထက(၁)လှိုင် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောပြီး (ဝဲပုံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ အလားတူ လှိုင်မြို့နယ်အထက(၂)တွင်လည်း ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၃

ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် ၁/၂၀၀၈သင်တန်းဖွင့်ပွဲကို ဩဂုတ်၂၉ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရီက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးသိန်းက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေး ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်း တိုင်းဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲနှင့် ယာဉ်တိုက်မှု မှုခင်းဓာတ်ပုံပြပွဲကို ဩဂုတ် ၂၈ရက်က ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ပြန်ထားရှိသည့် ယာဉ်စည်းကမ်းဆိုင်ရာညွှန်ကြားချက်များကို အသေးစိတ် ရှင်းလင်းဟောပြောသည်။ **(ယာပုံ)**

ထို့နောက် ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဂျွန်ရပ်စ်သောင်း၊ မော်တော်ယာဉ်ထိန်းဌာနတာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း၊ တိုင်းမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးကြိုင်တို့က ယာဉ်မတော်တဆမှုများလျော့နည်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောကြသည်။

အဆိုပါ အခမ်းအနားသို့ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ စုံညီစွာတက်ရောက်ကြပြီး ယာဉ်တိုက်မှု မှုခင်းဓာတ်ပုံပြခန်းကို စိတ်ဝင်စားစွာ လေ့လာကြသည်။ **(၁၅၇)**

မင်းတပ်စည်ပင် ပန်းအလှပင် စိုက်ပျိုး

မင်းတပ် စက်တင်ဘာ ၁၃

မင်းတပ်မြို့နယ် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်ပန်းခြံတွင် ပန်းအလှပင်များ စက်တင်ဘာ ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးအောင်ထွန်းလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေအုပ်တို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

* *ကျောဖုံးမှ*

ယခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း)အမှတ်ပေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်းများမှာ ယမန်နှစ်အတိုင်း ၁၄သင်းရှိပြီး မျက်နှာသစ်အသင်းဟူ၍ အဆင့်မြင့်တန်းသို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာသည့် Air Bagan F.C တစ်သင်းသာပါသည်။ ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများမှာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ စီးပွား/ကူးသန်း၊ ကမ္ဘောဇ၊ ပို့ဆောင်ရေး၊ မြို့တော်စည်ပင်၊ ကာကွယ်ရေး၊ လယ်ယာ/ဆည်မြောင်း၊ သစ်တောရေးရာ၊ ဆောက်လုပ်ရေး၊ မြန်မာ့မီးရထား၊ ပြည်ထဲရေး၊ စွမ်းအင်၊ တန်းတက် Air Bagan F.C နှင့် ဆက်သွယ်ရေးတို့ဖြစ်ကြသည်။



ချန်ပီယံဆုမျှော်မှန်းနိုင်သည့် စီးပွား/ကူးသန်းအသင်း။ (မြန်မာ့အလင်း)

ပြိုင်ပွဲဝင်ကြမည့် အသင်းအများစုမှာ ရာသီသစ်အတွက် ပြင်ဆင်မှုများ ပိုမိုပြုလုပ်ထားကြကြောင်း သိရသည်။ ချန်ပီယံဆုမျှော်မှန်းနိုင်သည့် အသင်းများ၊ ထိပ်ဆုံးစာရင်းဝင်ရန် ကြိုးစားမည့်အသင်းများ၊ တန်းမဆင်းရရန် ရုန်းကန်ရနိုင်သည့်အသင်းများ စသည်ဖြင့် ရည်မှန်းချက်ကိုယ်စီဖြင့် လူသစ်ဖြည့်တင်းမှု အပါအဝင် ပံ့ပိုးအားပေးမှု၊ လေ့ကျင့်ပြင်ဆင်မှုတို့ကိုပါ ပြင်းပြင်းထန်ထန် ပြုလုပ်နေကြသည်။ ယခုနှစ် အမှတ်ပေးချန်ပီယံဆုအတွက် ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းတို့ အပြိုင်ဖြစ်နိုင်သည်ဟု ယေဘုယျပြောနိုင်သော်လည်း အသင်းကြီးစာရင်းဝင်ကာကွယ်ရေး၊ မြို့တော်စည်ပင်နှင့် စွမ်းအင်တို့ကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ ယမန်နှစ်ပြိုင်ပွဲတွင် ရလဒ်ပိုင်းဆိုးရွားမှုကြောင့် တန်းဆင်းဇုန်ထဲရောက်ရှိခဲ့သည့် စွမ်းအင်အသင်းမှာလည်း ယခုနှစ်တွင် အသေအချာပြင်ဆင်ထားသည်မှာ သေချာသည်။

ခြောက်နှစ်ဆက်တိုက်

ပြီးခဲ့သည့် ၂၀၀၇-၂၀၀၈ရာသီ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းသာ ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းပြီး ခြောက်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့သော်လည်း ယခင်နှစ်များနှင့်မတူဘဲ ပြိုင်ပွဲနောက်ဆုံးချိန်အထိ ရင်ခုန်ခဲ့ရသည်။ ချန်ပီယံဆုအတွက် ဘဏ္ဍာ/အခွန် တစ်သင်းတည်း ချွန်ထွက်မနေဘဲ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းတို့၏ ဖိအားပေးခြင်းကို အကြိမ်ကြိမ်ခံခဲ့ရသလို မြို့တော်စည်ပင်၊ ပို့ဆောင်ရေးအသင်းတို့ကလည်း ဒုက္ခပေးနိုင်ခဲ့သည်။ ထို့အတူ တန်းဆင်းဇုန်မှာလည်း အသင်းများ အကြိတ်အနယ်ရှိခဲ့ကြသည်။ စီးပွား/ကူးသန်းအသင်းသာ ငါးမှတ်လျှော့ ပြစ်ဒဏ်ဖြင့် မကစားခဲ့ရလျှင် ပြိုင်ပွဲအဖြေမှာ တစ်မျိုးတစ်မည်ပြောင်းသွားနိုင်သည်။ ပြိုင်ပွဲအပြီး ရလဒ်မှာ ဘဏ္ဍာ/အခွန်က ၃၂ မှတ်ဖြင့် ဗိုလ်စွဲသွားပြီး ကမ္ဘောဇက အမှတ် ၃၀ဖြင့် ဒုတိယ၊ စီးပွား/ကူးသန်းက ၂၆မှတ်ဖြင့် တတိယရရှိခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲကို လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် တန်းတက်ဆက်သွယ်ရေးတို့၏ ပွဲစဉ်ဖြင့် စက်တင်ဘာ၁၇ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့်လူငယ်လက်ရွေးစင်အသင်းတို့၏နိုင်ငံတကာပြိုင်ပွဲများရှိနေ၍ ပွဲစဉ်များကို စက်တင်ဘာ၁၇ရက်မှ၂၃ရက်အထိသာထုတ်ပြန်ထားပြီး ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၂၀ရက်မှ ၂၈ရက်အထိကျင်းပမည့် ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲဝင် မြန်မာလူငယ်အသင်းတွင်ကစားသမားသုံးဦးအထက် ပါဝင်နေသော ကမ္ဘောဇ၊ မြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေးအသင်းတို့၏ ပွဲစဉ်များကို ရွှေ့ဆိုင်းပေးထားသည်။

ချီးမြှင့်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြည်တွင်း အမှတ်ပေးပြိုင်ပွဲများကို ပိုမိုအဆင့်အတန်းမြင့်မားလာစေပြီး အကြိတ်အနယ်ဖြင့် ပွဲကောင်းများ ဖြစ်လာစေရန်အတွက် လာမည့် အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်တိုင်းတွင် အနိုင်ရသောအသင်းများအား ကျပ်နှစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ယခုနှစ်မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲမှာ ယမန်နှစ်ပြိုင်ပွဲကဲ့သို့ပင် အကြိတ်အနယ်ရှိနိုင်ပြီး တစ်သင်းနှင့်တစ်သင်း အမှားခံ၍မရပေ။ အမှတ် ပေးချန်ပီယံဆုအတွက် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းတို့ သုံးသင်းရေပန်းစားနေသော်လည်း အခြားအသင်းများကလည်း ဖျက်မြင်းအဖြစ် ဗိုလ်စွဲသွားနိုင်ပေသည်။ သို့သော် အမှတ်ပေးပြိုင်ပွဲမှာ ခရီးရှည်ပြိုင်ပွဲဖြစ်၍ ခြေမှန်ဖို့လိုသလို၊ ကစားသမားအင်အား တောင့်တင်းမှု၊ ပံ့ပိုးအားပေးမှုတို့ကလည်း အရေးကြီးလှပေသည်။ ဘဏ္ဍာ/အခွန်အသင်း ကြီးစိုးနေသည့် အမှတ်ပေးပြိုင်ပွဲကို မည်သည့်အသင်းက ချိုးဖျက်နိုင်မလဲ ဆိုတာ အားလုံးက စိတ်ဝင်စားနေကြသည်။ ယမန်နှစ်ပြိုင်ပွဲတွင် ထိပ်ဆုံးသုံးသင်းစာရင်းဝင်ခဲ့သလို ယခုနှစ်တွင်လည်း ဗိုလ်စွဲနိုင်ခြေရှိသည့် ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းအသင်းတို့၏ အခြေအနေများကို ပြိုင်ပွဲအကြို ဖော်ပြလိုက်ပါသည်။

ဘဏ္ဍာ/အခွန်

အမှတ်ပေးချန်ပီယံဆုကို (၂၇)ကြိမ်ဆွတ်ခူးထားပြီး နောက်ဆုံးခြောက်နှစ်ဆက်တိုက် ဗိုလ်စွဲထားသောအသင်းဖြစ်သည်။ ယခုနှစ် အနည်းငယ်အတွင်းတွင် အခြားပြိုင်ပွဲများ၌ အောင်မြင်မှုနှင့် ဝေးကွာတတ်သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် အခြားအသင်းများထက် ခြေမှန်မှန်ကစားနိုင်ကြောင်း ခြောက်နှစ်ဆက်တိုက် ဗိုလ်စွဲထားခြင်းက သက်သေပြနေသည်။ ယမန်နှစ် ပြိုင်ပွဲတွင် ရာသီအစက မမျှော်လင့်သောပွဲများ၌ အမှတ်များဆုံးရှုံးခဲ့သော်လည်း အဆုံးအဖြတ်ပွဲစဉ်များတွင် စီးပွား/ကူးသန်း၊ကမ္ဘောဇနှင့်ကာကွယ်ရေးတို့ကို အနိုင်ယူနိုင်ခဲ့၍ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းတွင် လက်ရွေးစင် ကစားသမားများအပါအဝင် လူဟောင်းအများစုပါဝင်နေပြီး ဘဏ္ဍာ/အခွန်(ခ) အသင်းမှ လူငယ်ကစားသမားများကို အားဖြည့်ထားသည်။

ကမ္ဘောဇ

ကမ္ဘောဇအသင်းမှာ ယခုနှစ် ရာသီတွင် အောင်မြင်မှုရရှိရန် အထူးပြင်ဆင်ထားသောအသင်းဖြစ်ပြီး မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်ကို အနိုင်ယူ ဗိုလ်စွဲထားခြင်းဖြင့် ရာသီသစ်ကို အောင်မြင်မှုဖြင့် စတင်ဖွင့်လှစ်ထားနိုင်သည်။ ကစားသမားအဝင်အနေဖြင့် မြို့တော်စည်ပင်မှ အောင်မိုးနှင့် စိုးမင်းဦး၊ Royal Eleven မှ နေလှိုင်(ဂိုး)နှင့် တင်ကျော်အောင်တို့ကို ခေါ်ယူထားပြီး အသင်းမှ ထွန်းမင်းဦး၊ အောင်သိုက်၊ ငွေလှိုင်ထွန်းနှင့် လင်းဇော်ထိုက်တို့ကို အခြားအသင်းများသို့ အခမဲ့ပြောင်းရွှေ့ ခွင့်ပြုထားသည်။ ကမ္ဘောဇအသင်းမှာ ၂၀၀၄-၂၀၀၅ရာသီတွင် အဆင့်မြင့်တန်းသို့ ရောက်ရှိခဲ့ပြီး ပထမနှစ်ကြိမ်ရရှိထားကာ ၂၀၀၆-၂၀၀၇ရာသီနှင့် ၂၀၀၇-၂၀၀၈ရာသီ နှစ်ရာသီဆက်တိုက် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရရှိထားသည်။

ကမ္ဘောဇအသင်းသားများ ဤသို့ အောင်ပွဲခံနိုင်ပါဦးမည်လား....။
(မြန်မာ့အလင်း)

စီးပွား/ကူးသန်း

ယမန်နှစ် အမှတ်ပေးပြိုင်ပွဲတွင် အမှတ်လျှော့ပြစ်ဒဏ်ဖြင့် မကစားခဲ့ရပါက စီးပွား/ကူးသန်းအသင်း အခြေအနေကောင်းနိုင်ပေသည်။ ယခုနှစ် အနည်းငယ်အတွင်း အကောင်းဆုံးခြေစွမ်းမျိုးဖြင့် ဆုဖလားများဆွတ်ခူးသည်အထိ အောင်မြင်လာသော အသင်းဖြစ်သည်။ သို့သော် အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုနှင့် ဝေးကွာနေသည်မှာကြာပြီဖြစ်၍ ယခုနှစ်တွင် အထူးပြင်ဆင်နေကြောင်း ကြားသိရသည်။

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်း ကြီးစိုးနေသည်မှာ ကြာပြီဖြစ်သည်။ ယခုနှစ်တွင် ဘဏ္ဍာ/အခွန်အသင်းကို ကျော်ဖြတ်နိုင်မည့်အသင်း ထွက်ပေါ်လာမလားဆိုသည်မှာမူ.... ။

(မြန်မာ့အလင်း)

မြန်မာလိဂ် ပွဲစဉ်များ					
၁၇-၉-၂၀၀၈	ဘဏ္ဍာ/အခွန်	-	ဆက်သွယ်ရေး	ညနေ၃နာရီခွဲ	အောင်ဆန်းကွင်း
၁၈-၉-၂၀၀၈	စီးပွား/ကူးသန်း	-	ပြည်ထဲရေး	။	အောင်ဆန်းကွင်း
၁၉-၉-၂၀၀၈	ကာကွယ်ရေး	-	စွမ်းအင်	။	အောင်ဆန်းကွင်း
	ပို့ဆောင်ရေး	-	လယ်ယာ/ဆည်မြောင်း	။	သုဝဏ္ဏကွင်း
၂၀-၉-၂၀၀၈	မြန်မာ့မီးရထား	-	သစ်တော	။	အောင်ဆန်းကွင်း
၂၂-၉-၂၀၀၈	ဘဏ္ဍာ/အခွန်	-	Air Bagan	။	အောင်ဆန်းကွင်း
	ဆက်သွယ်ရေး	-	ပြည်ထဲရေး	။	သုဝဏ္ဏကွင်း
၂၃-၉-၂၀၀၈	ကာကွယ်ရေး	-	လယ်ယာ/ဆည်မြောင်း	။	အောင်ဆန်းကွင်း
	ပို့ဆောင်ရေး	-	မြန်မာ့မီးရထား	။	သုဝဏ္ဏကွင်း

အန်ဖီးလ်၌မန်ယူတို့ ရှုံးပွဲကြုံ အဝေးကွင်း၌ အာဆင်နယ်တို့ ဂိုးပြတ်သွင်း

သတင်းမှတ်စု – မောင်ချစ်ကြည်

လန်ဒန် စက်တင်ဘာ ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၄)ကို စက်တင်ဘာ ၁၃ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် မန်ယူတို့ပွဲတွင် လီဗာပူးတို့က အိမ်ကွင်းအန်ဖီးလ်၌ မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လီဗာပူးနှင့် မန်ယူ

ရွန်နေ၊ ဘာဘာတော့ဗ်နှင့် တီဗက်ဇ်တို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့သော မန်ယူသည် ပွဲစတင်သည်နှင့် လီဗာပူး ဘာဘာတော့ဗ်၊တီဗက်ဇ်၊ရွန်နေ တိုက်စစ်အတွဲက ထိရောက်သောဂိုးသွင်းခွင့် အခွင့်အရေးများ မရရှိခဲ့ချေ။ ၇၇မိနစ်တွင် လီဗာပူးတိုက်စစ်မှူး ဒရက်ကွတ် ဖန်တီး

မန်ယူအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး တီဗက်ဇ်က လီဗာပူးဂိုးအတွင်းသို့ ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်)

ဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ပွဲအစ သုံးမိနစ်၌ပင် ဘာဘာတော့ဗ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို တီဗက်ဇ်က ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူလိုက်ရာမှ မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။

အဖွင့်ဂိုး

ရော်ဘီကိန်းနှင့် ဒရက်ကွတ်နှစ်ဦးကို တိုက်စစ်တွင်ထားပြီး ရေးရာ၊ ဘီနာယောင်၊ မာချေရာနိုနှင့်အလွန်ဆိုတို့ကို ကွင်းလယ် နှင့် ကာရေဂါဦးဆောင်သော ခံစစ်မှူးများဖြင့် အိမ်ကွင်း၌ မန်ယူကို ရင်ဆိုင်ခဲ့သော လီဗာပူးသည် အဖွင့်ဂိုး စောစီးစွာ ပေးလိုက်ရသော်လည်း ကစားကွက်ကို ချက်ချင်းပြန်ထိန်းနိုင်ခဲ့သည်။

လွဲချော်

ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မန်ယူဘက်သို့ ထိုးဖောက်ကစားခဲ့သော လီဗာပူးတို့ ၂၆မိနစ်တွင် မန်ယူနောက်ခံလူ ဝက်စ်ဘရောင်းဘောလုံးရှင်းထုတ်ရာမှ ဂိုးဝင်သွားရာ ယင်းလက်ဆောင်ဂိုးဖြင့် လီဗာပူးတို့ လက်ဆောင်ဂိုးရရှိသွားခဲ့သည်။ ချေပဂိုးပေးလိုက်ရသဖြင့် မန်ယူတို့ အနိုင်ဂိုး သွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ၂၈မိနစ်၌ အန်ဒါဆင်ချပေးလိုက်သည့် ဘောလုံးကို တီဗက်ဇ်ညာခြေဖြင့် အပိုင်ကန်သွင်းရာ လွဲချော်သွားခဲ့သည်။ ထို့အတူ ၄၄မိနစ်၌ လီဗာပူးနောက်ခံလူ ကာရေဂါ အလွတ် တည်ကန်ဘောလည်း လွဲချော်သွားခဲ့သည်။

ဒုတိယဂိုး

မန်ယူက အနိုင်ဂိုးများသွင်းယူနိုင်ရန် ၄၅မိနစ်၌ ကာရစ်အစား ဂစ်၊ ၆၆မိနစ်၌ ပေါလ်စခိုးအစား ဟားဂရေ့ဗ်တို့ကို ထည့်သွင်းကစားခဲ့သည်။ သို့သော် ပေးလိုက်သည့် ဘောလုံးကို ရေးရာအစားဝင်ကစားသူ ဘာဘယ်လ်က မနားတမ်း ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ဒုတိယဂိုး ရရှိခဲ့သည်။

အနိုင်ရ

မန်ယူက ၇၈ မိနစ်၌ အန်ဒါဆင်အစား နာနီဝင်ကစားခဲ့သော်လည်းရလဒ် ထူးမခြားလာသည့်အပြင် မိနစ်၉၀ ပြည့်ခါနီး၌ မန်ယူနောက်ခံလူ ဗီဒစ် နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ မန်ယူတို့ ချေပဂိုး မသွင်းနိုင်သဖြင့် လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘလက်ဘန်းနှင့် အာဆင်နယ်

အာဆင်နယ်တို့ အဝေးကွင်း၌ ဂိုးပြတ်သွင်းနိုင်ခဲ့သည်။ ဗန်ပါစီနှင့် အဒီဘာယော တိုက်စစ်ကို ဘလက်ဘန်း ခံစစ်မှူးများ မည်သို့မျှမဟန့်တားနိုင်ဘဲရှိရာ ၈မိနစ်တွင် ဗန်ပါစီက အဖွင့်ဂိုးသွင်းယူပြီး ၄၅မိနစ်၊ ၈၁မိနစ်နှင့် မိနစ် ၉၀တို့၌ တိုက်စစ်မှူး အဒီဘာယောက ပယ်နယ်တီတစ်ဂိုးအပါအဝင် သုံးဂိုးဆက်တိုက် ဟက်ထရစ်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ လေးဂိုးပြတ်အနိုင်ရကာ သုံးမှတ်အပြည့် ရရှိခဲ့ခြင်း ဖြစ်သည်။

အခြားပွဲရလဒ်များ

ပို့စ်မောက်	၂-၁	မစ်ဒယ်ဘရော့
ဖူလ်ဟမ်	၂-၁	ဘော်လ်တန်
နယူးကာဆယ်	၁-၂	ဟူးလ်စီးတီး
ဝက်စ်ဘရွန်း	၃-၂	ဝက်စ်ဟမ်း
ဝီဂန်	၁-၁	ဆန်းဒါးလန်း
မန်စီးတီး	၁-၃	ချယ်လ်ဆီး

(အင်တာနက်)

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ(လယ်)က အဖွင့်ဂိုးကို ဘလက်ဘန်း နောက်ခံလူ နှစ်ဦးကြားမှ ဤသို့သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး နိုင်ငံ၏ လူဦးရေအများစုသည်လည်း ကျေးလက်နေ ပြည်သူများဖြစ်ကြကြောင်း၊ စပါးစိုက်ပျိုးမှုကိုကြည့်ပါက မိုးစပါး၊ နွေစပါး စုစုပေါင်းဧကသန်း၂၀ခန့်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်

စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများရှိပြီး စိုက်ပျိုးနိုင်သည့် လူဦးရေရှိသော်လည်း လယ်များ၏ ပုံသဏ္ဌာန်အမျိုးမျိုးရှိနေခြင်း၊ မိရိုးဖလာစပါးမျိုးများကိုသာ စိုက်ပျိုးနေခြင်း၊ မြေသြဇာများ ထည့်သင့်သလောက် မထည့်နိုင်ခြင်းတို့ကြောင့် စပါးအထွက်နှုန်းမှာ ထွက်သင့်သလောက်ထွက်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ အထွက်တိုးမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စက်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ခြင်းတို့ကို စနစ်တကျစီမံဆောင်ရွက်သွားပါက လယ်ယာကဏ္ဍယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် မြေလွတ်မြေလပ်များရှိသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်များ၌ အနည်းဆုံးဧကကွက်များ ပြုပြင်ပြီး တစ်ဆက်တစ်စပ်တည်းရှိသည့် ခေတ်မီစိုက်ပျိုးနည်းများအတိုင်း စိုက်ပျိုးသွားရန်လိုကြောင်း။

တက်ညီလက်ညီ

ယင်းကဲ့သို့ ခေတ်မီစိုက်ပျိုးနည်းများအတိုင်း စိုက်ပျိုးခြင်းဖြင့် ဒေသခံလယ်သမားများ အကျိုးကျေးဇူး ပိုမိုရရှိခံစားရမှာဖြစ်ကြောင်း၊ ဒဂုံမြို့သစ်ဒေသစိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်ရေးလုပ်ငန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံလယ်သမားများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရေရရှိရေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်များ၌ စိုက်ပျိုးမြေများပြုပြင်နိုင်မည့် အခြေအနေ၊ ဒဂုံမြို့သစ်ဒေသစိုက်ပျိုးရေးအထူးဇုန်အတွက် ငမိုးရိပ်ရေထိန်းတံခါးမှရေရရှိရေးဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်က ဒဂုံမြို့သစ်မြို့နယ်များအတွင်း စပါး စိုက်ပျိုးနိုင်မည့် မြေလွတ်မြေလပ်များအခြေအနေနှင့် ဧက၅၀၀အကွက်ကြီးများအဖြစ် ဖော်ထုတ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဒဂုံမြို့သစ်ဒေသစိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်ရေးလုပ်ငန်းတွင် ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လေမုန်တိုင်းသင့် ဒေသများဖြစ်သည့် ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း တွေ့ရှိခဲ့ရသည့် အဆိုပါမြို့နယ်နှစ်မြို့နယ်၏ စပါးစိုက်ပျိုးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခေတ်မီစက်ကိရိယာ

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက လယ်ယာသုံး ခေတ်မီစက်ပစ္စည်းကိရိယာများ ပြည်ပမှတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက တင်သွင်းရန်လျာထားသည့် ခေတ်မီလယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ပါဝင်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒဂုံအင်တာနေရှင်နယ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က စီမံကိန်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒဂုံမြို့သစ်ဒေသစိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်သို့ ရောက်ရှိကြပြီး မင်းရဲကျော်စွာလမ်း ဝဲ/ယာရှိ လယ်မြေများ၌ မိုးစပါးစိုက်ပျိုးနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်မှုလယ်ယာဦးစီးဌာနက ခင်းကျင်းစီစဉ်ပြသထားသည့် ကောက်စိုက်စက်၊ ကောက်ရိတ်စက် နမူနာများနှင့် ဆင်းသွယ်ရင် စပါးမျိုးပျိုးပင်များကိုလည်းကောင်း၊ ရိတ်သိမ်းခြွေလှေ့စက်ကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စိုက်ပျိုးရေးလိုအပ်ချက်များကို မေးမြန်း၍ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အစီအမံများကို ရှင်းလင်းပြောကြားအားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်း၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည့် ငမိုးရိပ်ရေထိန်းတံခါးသို့ ရောက်ရှိကြသည်။

အကျိုးပြုဧက

ရေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ငမိုးရိပ်ရေထိန်းတံခါး၏ ရေပေးဝေနိုင်မှုနှင့် အကျိုးပြုဧက အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ငမိုးရိပ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်နိုင်

စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်ခဲ့မှုကြောင့် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ ငမိုးရိပ်ချောင်းလက်တက်မှ စီးဆင်းလာသော ရေများနှင့် စိုက်ကွင်းများမှ ပိုလျှံရေများအား သိုလှောင်နိုင်ကာ နှစ်စဉ်နွေစပါး ၅၈၉၅ဧက စိုက်ပျိုးနိုင်သည့်အပြင် နွေရာသီတွင် ရေထိန်းတံခါးကို ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်းမှလည်း ကာကွယ်နိုင်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းများ ပြင်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ရှေးဦးစွာ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းကတ္တရာကွန်ကရစ်ခင်းနေမှုကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမွေလမ်း(၅)ခွဆုံမှ အရှေ့ရွှေဂုံတိုင်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ထိုမှတစ်ဆင့် ဓမ္မစေတီလမ်း၊ ကြည့်မြင်တိုင်လမ်း၊ ဟံသာဝတီလမ်း၊ ဗဟိုလမ်းတစ်လျှောက် လမ်းပြုပြင်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကမာရွတ်မြို့နယ် ဗဟိုလမ်း(ခိုင်ရွှေဝါ)လမ်း၌ ရန်ကုန်မြို့တော် စည်ပင်ဝန်ထမ်းများက လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခိုင်ရွှေဝါလမ်းမှတစ်ဆင့် ရွာမကျောင်းလမ်း၊ အင်းစိန်လမ်း၊ မင်းကြီးလမ်း၊ အောက်မင်္ဂလာဒုံလမ်းတို့၏ လမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း စောင်စက်ရုံအနီး၌ ကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရေပင်လမ်း အခြေအနေကိုလည်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဗေဒင်ကုန်း-ချိုကြီးကွင်း ကျေးလက်လမ်း ဂဝံခင်း

သာယာဝတီ စက်တင်ဘာ ၁၃

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် ဗေဒင်ကုန်း-ချိုကြီးကွင်း ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက်စုဆောင်းထားရှိမှု အခြေအနေကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး စက်တင်ဘာ၅ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဇော်ဦးတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်သည် ဒုတိယရဲမှူးဝင်းမြိုင်နှင့်အတူ စက်တင်ဘာ ၁၁ရက်က လှိုင်သာယာမြို့နယ် Myanmar Safe and Sound Security Service Co., Ltd. မှ MS4 ကုမ္ပဏီလုံခြုံရေးသင်တန်းသား ၄၇ဦးတို့အား ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား အသိပညာပေး ဟောပြောပို့ချခဲ့သည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း လားရှိုး၌ဖွင့်

လားရှိုး စက်တင်ဘာ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၂/၂၀၀၈) ကို စက်တင်ဘာ ၈ရက်က လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ပို့ချ

သင်တန်းတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက အမှာစကားပြောကြားပြီး လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းရှိန်က စာကြည့်တိုက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းခင်ညွန့်က စာကြည့်တိုက်ပညာရပ်များနှင့်မျိုးတူစုအကြောင်းများကို ပို့ချသည်။

သင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများမှ စာရေး ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၁၃မြို့နယ်တို့မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်နယ်မြေ ရူပဗေဒစာသင်ခန်းမဆောင်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြင့်က သင်တန်းပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြို့နယ် ၁၃မြို့နယ်မှ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၃၁၈ဦး တက်ရောက်ကြသည်။

(၁၂၃)

တော်သလင်းလနှင့် ဂရုဓမ္မသီလ

ဦးကျော်စိန် (မန္တလေး)

"တော်သလင်း"၏ဇာစ်မြစ်ကို သက္ကတ၊ ပါဠိနှင့် အခြားဘာသာစကားများထဲ၌ ရှာဖွေရန်မလိုဘဲ မြန်မာစကားသက်သက်နှင့်ပင် အဓိပ္ပာယ်ထွက်ပါသည်။ "**တော်**"ဆိုသည်မှာ မြင့်မြတ်သည်၊ အထွတ်အထိပ်ဖြစ်သည်၊ အထက်ကောင်းကင်ဖြစ်သည် ဟူ၍လည်းကောင်း၊ "**သလင်း**"ဆိုသည်မှာ "**သာလင်း**"မှ လာ၍ သာယာထွန်းလင်းဟူသော အဓိပ္ပာယ်ရှိသည်ဟူ၍လည်းကောင်း ကြံဆကြသည်။ တော်သလင်းလမှာ ကန်ရာသီဖြစ်၏။ နတ်ကညာ စပါးနှံကိုင်သော ရုပ်ပုံဖြင့် မှတ်သားကြ၏။ ဤရာသီမှာ ဘဒြပိုဒ်နက္ခတ်စန်းယှဉ်၏၊ ရင်းမာပန်းပွင့်၏။ "**တော်သလင်း မြစ်တွင်း သင်ဖြူးခင်း**" ဟု စကားပုံရှိ၏။ ဤလ၌ ဧရာဝတီမြစ်ထဲတွင် လှိုင်းလေကင်းစင်၍ ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးသောရေပြင်၌ လှေပြိုင်ပွဲများကျင်းပရန် အကောင်းဆုံး အချိန်အခါဖြစ်သည်။ ထို့ကြောင့် ဤလတွင် ရှေးမြန်မာဘုရင်တို့သည် "**မြစ်ယံပွဲ**"ဟူ၍လည်းကောင်း၊ "**ပန်းလုသဘင်**"ဟူ၍လည်းကောင်း ခေါ်ဆိုမြဲဖြစ်သော "**လှေပြိုင်ပွဲ**"ကို ဆင်ယင်ကျင်းပကြသည်။

တော်သလင်းလပြည့်နေ့ကို မြန်မာနိုင်ငံတွင် ပညာရှင်များက "**ဂရုဓမ္မအခါတော်နေ့**"ဟူ၍ သတ်မှတ်ထားကြပါသည်။ ဤအကြောင်းကို ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဇာတ်ဝတ္ထုကြောင်းဖြင့် တင်ပြရပါလျှင်-ရှေးအခါက ကုရုတိုင်း၊ ဓနဉ္စယကောရဗျမင်းနှင့် တိုင်းသူပြည်သားတို့သည် "**ဂရုဓမ္မသီလ**"ကို လုံခြုံအောင် စောင့်ထိန်းကြလျက် ကုသိုလ်ကောင်းမှုများကို ဆည်းပူးပြုလုပ်အားထုတ်၍နေထိုင်ကြပါသည်။ ထို့ကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများ ဖြစ်ထွန်း၍ စည်ပင်သာယာဝပြောလျက်ရှိပါသည်။ ထိုအချိန်အခါတွင် ကလိင်္ဂတိုင်း၌ မိုးခေါင်ရေရှားပြီး ကောက်ပဲသီးနှံများပျက်စီးခြင်း၊ အစာရေစာငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါထူပြောခြင်းဟူသော ကပ်ဘေးကြီးများ ဆိုက်ရောက်လျက်ရှိပါသည်။

ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်၍ ကောက်ပဲသီးနှံများဖြစ်ထွန်းကာ သာယာဝပြောသည့် အကြောင်းရင်းကို ကလိင်္ဂတိုင်းပြည် ဘုရင်နှင့် မှူးမတ်ပြည်သူများ လေ့လာစူးစမ်းသည့်အခါ ကုရုတိုင်းပြည့်ရှင် ဘုရင်နှင့်တကွ တိုင်းသူပြည်သားများသည် "**ဂရုဓမ္မသီလ**"ကို စောင့်ထိန်းကြသဖြင့် မိုးလေဝသ မှန်ကန်ပြီး ကောက်ပဲသီးနှံများဖြစ်ထွန်းကာ သာယာဝပြောကြောင်း သိရှိရသဖြင့် "**ဂရုဓမ္မသီလ**"ရွှေပေလွှာပေါ်တွင် ရေးကူးခွင့်ပြုရန် လျှောက်ထား၍ "**ဂရုဓမ္မသီလ**"ကို ကူးယူကြပါသည်။ ထို့နောက် ယင်း"**ဂရုဓမ္မသီလ**" ကို မင်းနှင့်တကွသော တိုင်းသူပြည်သားအားလုံး လိုက်နာစောင့်ထိန်းကြသဖြင့် ကလိင်္ဂတိုင်းပြည်ကြီးတွင် မိုးလေဝသမှန်ကန်၍ ကောက်ပဲသီးနှံများ ဖြစ်ထွန်းကာ သာယာဝပြောလာပါသည်။ ဤကဲ့သို့ ကုရုဓမ္မဇာတ်တော်လာ "**ဂရုဓမ္မသီလ**"ကို ဘုရင်နှင့်တကွ တစ်တိုင်းတစ်ပြည်လုံး အလေးဂရုထား၍ ကျင့်သုံးမှုသည် မိုးတွင်းကာလဖြစ်ပြီး၊ အထူးသဖြင့် မိုးလယ်ကာလ လောက်၌ ဖြစ်ဖွယ်ရှိသောကြောင့် မိုးဥတု၏ အလယ်၊ မိုးလယ်ကာလဖြစ်သည့် တော်သလင်းလပြည့်နေ့ကို "**ဂရုဓမ္မအခါတော်နေ့**"ဟူ၍ မြန်မာနိုင်ငံတွင် ပညာရှင်များက သတ်မှတ်ကြခြင်းဖြစ်ပါသည်။

"**ဂရုဓမ္မ**"ဟူသည် အလေးပြုအပ်သောတရား၊ ရိုသေလေးစားစွာ ဝန်ခံလိုက်နာ ပြုကျင့်အပ်သော တရားဖြစ်ပါသည်။ "**ဂရုဓမ္မသီလ**"ဟူသည်ကား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပိုင်ရှင်မပေးအပ်သော သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားမှားယွင်းယွင်းပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သောမုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်အရက် မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော"**ငါးပါးသီလ**"ပင်ဖြစ်သည်။ ထိုငါးပါးသီလသည် အလေးပြုအပ်သောတရား၊ အခြေခံကိုယ်ကျင့်တရား ဖြစ်သောကြောင့် "**ဂရုဓမ္မ**"မည်ပါသည်။

ထိုငါးပါးသီလကိုပင် လူတိုင်းလိုက်နာကျင့်သုံးရမည့် ဓမ္မတာတရားဖြစ်သောကြောင့် "**ဓမ္မတာသီလ**"ဟူ၍လည်းကောင်း၊ သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးအပ်သောကြောင့်"**ဂရုဓမ္မသီလ**"ဟူ၍လည်းကောင်း၊ လူပုဂ္ဂိုလ်တို့၏ ကိုယ်ကျင့်တရားဖြစ်သောကြောင့် "**ဂဟဋ္ဌသီလ**"ဟူ၍လည်းကောင်း၊ လူတို့အမြဲမပြတ်စောင့်သုံးအပ်သောကြောင့် "**နိစ္စသီလ**"ဟူ၍လည်းကောင်း၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် "**အရိယကန္တသီလ**"ဟူ၍လည်းကောင်း၊ ကျင့်သုံးအပ်၊ ကျင့်သုံးသင့်၊ ကျင့်သုံးထိုက်သောကြောင့် "**သိက္ခာပဒသီလ**"ဟူ၍လည်းကောင်း ခေါ်ဆိုရပါသည်။

သီလဟူသည် ကာယကံ၊ဝစီကံတို့ကို သိမ်းသိမ်းဆည်းဆည်း ကောင်းစွာ သိုထားခြင်းဖြင့် ဖရိုဖရဲ မကြဲခြင်းသည် လည်းကောင်း၊ စေတနာသည် လည်းကောင်း၊ ပိတ်ဆို့စောင့်ရှောက်ခြင်း သံဝရတရားသည် လည်းကောင်း၊ မလွန်ကျူးခြင်းသည်လည်းကောင်း သီလမည်၏ဟူ၍ ပဋိသမ္ဘိဒါမဂ်၌ဆိုသည်။ အပြစ်မရှိ ကောင်းသောသီလ အကျင့်တို့သည် စိတ်နှလုံးသာယာချမ်းမြေ့ခြင်းအကျိုး၊ စိတ်နှလုံးချမ်းသာအေးမြခြင်း အာနိသင်ရှိသည့် အပြင် လောက၌ သီလရှိသောသူ၏ သီလနှင့် ပြည့်စုံခြင်းအကျိုးတို့သည် ငါးပါးရှိကြောင်း မြတ်ဗုဒ္ဓဟောကြားထားသည်မှာ-

၁။ လောက၌ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် မမေ့မလျော့၊ မပေါ့မတန်ခြင်းတည်းဟူသော အကြောင်းကြောင့် ကြီးစွာသော စည်းစိမ်ချမ်းသာကိုရ၏။

၂။ သီလရှိသော သီလနှင့် ပြည့်စုံသောသူ၏ ကောင်းသောကျော်စောသတင်းသည် ပျံ့နှံ့၍တက်၏။

၃။ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် မင်းပရိသတ်သို့လည်းကောင်း၊ သူကြွယ်ပရိသတ်သို့လည်းကောင်း၊ ရဟန်းပရိသတ်သို့လည်းကောင်း ချဉ်းကပ်အံ့၊ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်းကင်းရှင်းစွာ ကျက်သရေမင်္ဂလာရှိသော၊ ရွှင်လန်းသော မျက်နှာဖြင့် ချဉ်းကပ်ရ၏။

၄။ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် မတွေမဝေ၊ ကြည်ကြည်လင်လင်ဖြင့် မိမိပြုလုပ်ဆည်းပူးခဲ့သော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍သေရ၏။

၅။ သီလရှိသော သီလနှင့် ပြည့်စုံသောသူသည် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်းမှုပြုသူတို့လားရာဖြစ်သော နတ်ပြည်လောကသို့ မချွတ်ရောက်ရ၏

ဟူ၍ ဖြစ်ပါသည်။

လောကတွင် သတ္တဝါတို့၏ ရာဂအစရှိသော အညစ်အကြေးတို့ကို သီလဟူသော ရေသည်သာလျှင် စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ဆေးကြောနိုင်ပါသည်။ ထို့အပြင် ကောင်းစွာစောင့်ထိန်းအပ်သော၊ ဖြူစင်လှစွာသော၊ အေးမြလှသော သီလသည်သာလျှင် ဤလောက၌ သတ္တဝါတို့၏ ရာဂအစရှိသော အပူအလောင်ကို အေးငြိမ်းစေနိုင်ပါသည်။ သီလသည် အခါခပ်သိမ်း သီလရှိသောသူတို့၏ မိမိကိုယ်ကို မိမိစွပ်စွဲခြင်း၊ သူတစ်ပါးတို့ကဲ့ရဲ့စွပ်စွဲခြင်း စသော ဘေးကို အချင်းခပ်သိမ်း ပယ်ဖျက်တတ်၏။ သီလနှင့်ပြည့်စုံသောသူတို့သည် ကျော်စောကိတ္တိရှိခြင်းကိုလည်းကောင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းကိုလည်းကောင်း ဖြစ်စေတတ်၏။

မြတ်ဗုဒ္ဓသည် လောကသားအပေါင်းတို့အား သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး အကျင့်များကို အဓိကထား၍ ဟောကြားထားရာ၌ သီလကျင့်စဉ်တရားသည် အခြေခံအကျဆုံးဖြစ်၏။ သီလကျင့်စဉ်ကို အခြေခံပြီး သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်များကို အစဉ်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်၏။ ထို့ကြောင့် သီလကျင့်စဉ်ကို အဓိကအလေးထားရမည်ဖြစ်၏။ သီလမှာလည်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလများဖြစ်၏။ အဓိကအားဖြင့် လောကီလူသားတို့အတွက် ငါးပါးသီလသည် ပဓာနအကျဆုံးဖြစ်၏။ လူတို့ အမြဲအလေးထားရမည့် နိစ္စဂရုဓမ္မတရားဖြစ်၏။

ဤတွင် သီလတရားနှင့် ပတ်သက်၍ သိဖို့၊ ကျင့်ဖို့ကို မဆိုထားဘိ၊ ကြားရုံမျှ မကြားဖူးသော အဖြစ်မျိုးသည် ရှိခဲ့၏။ သာဓကအားဖြင့်-ကုန်သည်ယောင်ဆောင်လာသော သိကြားမင်းသည် သုဇာတာအလောင်း အမျိုးသမီးအား သီလရှိ၊ မရှိကို စုံစမ်းလို၍ ရွှေသခွားသီးရောင်းရန် လူ့ပြည်သို့ ဆင်းလာ၏။ လူတို့အား ရွှေသခွားသီးဝယ်ရန်ပြောသောအခါ ဝယ်လိုသူများက "**ငွေမည်မျှ ပေးရမည်နည်း**"ဟုမေး၏။ သိကြားမင်းက "**ငွေဖြင့်ဝယ်သူအား မပေး၊ သီလရှိသူအားသာပေးမည်**"ဟုဆို၏။ ထိုအခါ ဝယ်သူများက "**သီလမည်သည် မည်းမည်းအဆင်းလား၊ ညိုညိုအဆင်းလား**"ဟု မေးမြန်း၏။ "**သင်တို့သည် သီလသဘောကိုမျှပင် မသိကြ**"ဟု သိကြားမင်းက ပြန်ကြား၏ဟူ၍ ဓမ္မပဒ၊ မာဃလုလင်ဝတ္ထု၌ ပြဆို၏။ ထို့ကြောင့် သီလကိုမျှ မသိသေးသူများလည်း လူ့လောက၌ရှိတတ်၏ဟု ဆိုရမည်ဖြစ်၏။ သတိပြုကြရာ၏။

လူ့လောက၌ သီလကျင့်စဉ်ဖြစ်သော ငါးပါးသီလသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ နေရာမရွေး လိုက်နာကျင့်ကြံအားထုတ်ရမည့် တရားဖြစ်၏။ အကြောင်းမူ ပုဂ္ဂိုလ်အားဖြင့်လည်းကောင်း၊ ဘာသာအားဖြင့်လည်းကောင်း၊ နေရာဒေသအားဖြင့်လည်းကောင်း မှားယွင်းသွားစေမှု၊ ကိုယ်ကျိုးစီးပွား ထိခိုက်သွားစေမှု၊ ဂုဏ်သိက္ခာနိမ့်ကျသွားစေမှု၊ ဆန့်ကျင်ဘက် ဖြစ်သွားစေမှုများသည် တစ်စုံတစ်ရာမျှ မရှိသောကြောင့်ဖြစ်၏။ ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းသူသည် ဘေးရန်ငြိမ်းအေးသူ၊ သီလဝန္တပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းသူသည် မျက်မှောက်ဘေးရန်၊ တမလွန်ဘေးရန်၊ စိတ်ဆင်းရဲမှု၊ နှလုံးမသာယာမှု ဘေးရန်တို့မှကင်းဝေး၍ သေသည်မှနောက်၌ သုဂတိဘဝသို့လားရောက်ရခြင်းဟူသော အကျိုးတရားတို့ကို ရရှိခံစားရမည် ဖြစ်ပါသည်။ သို့ပါ၍ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော လောက၌ အကျိုးတရားများစွာကို ပေးစွမ်းနိုင်သည့် "**ဂရုဓမ္မသီလ**" ဟု ခေါ်ဆိုအပ်သော "**ငါးပါးသီလ**"ကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း ကောင်းမြတ်သောဆန္ဒဖြင့် တင်ပြအပ်ပါသည်။ ။

လူ့လောက၌ သီလကျင့်စဉ်ဖြစ်သော ငါးပါးသီလသည်
လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ နေရာမရွေး
လိုက်နာကျင့်ကြံအားထုတ်ရမည့် တရားဖြစ်၏။

ဂရုဓမ္မ လမြတ်တော်သလင်း

တစ်ဆယ့်နှစ်ရာသီ အလီလီတွင်
ရာသီတချို့ လတချို့မှာ
သာရကာသီကြွေး ပန်းစုံမွှေးကာ
လွန်သာယာ၏ ရာသီတချို့
လတချို့ကား မိုးသားတိမ်ပန်း
ယှက်သန်းလျှပ်နွယ် သွယ်သွယ်ဖြာ၏
ရာသီတချို့ လတချို့၌
သွယ်ဝိုက်ရစ်ခွေ မြစ်ရေဝန်းကာ
လှစုံဖြာ၏ ကညာရာသီ
ကန်ရာသီကား နဒီမြစ်တွင်း
သင်ဖြူးခင်းလျက် အင်ကြင်းရင်းမာ
ပန်းစုံစွာဖြင့် သာရကာငှက်ကျေး
သီကြွေးဖုံဖုံ သာမျိုးစုံသား
လများတကာ ယှဉ်လာတုပြိုင်
မနိုင်တုကင်း တော်သလင်းတည့်။

ဗုဒ္ဓမြတ်စွာ ဘဂဝါသည်
တိုင်းမည်ကုရု မြို့ဟုဣန္ဒ
ပတ္ထန၏ ကောရဗျသားတော်
ဖြစ်သော်ကာလ မွေ့ရဆက်ခံ
နန်းစံသည့်ခါ ညီကာဆယ်ပါး
မင်းကျင့်တရားနှင့် ပြည်သားပြည်သူ
ကြည်ဖြူကျင့်ကြ သီလငါးဖြာ
စောင့်ကာထိုထို ကုသိုလ်ဒါန
မြတ်ပုညကြောင့် ဝဿမိုးလေ
ဖြိုးစွေဖြိုင်ဖြိုင် ရွာသွန်းနိုင်ကာ
ချမ်းမြေ့သာကြောင်း ငါးရာငါးဆယ်
နိပါတ်သွယ်ပြ ကုရုဓမ္မဇာတ်
မြတ်တရားကို ဟောကြားညွှန်ပြ
ဂရုဓမ္မ မြတ်သီလ၏
လမြတ်သနင်း တော်သလင်းတည့်။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

စမ်းချောင်းမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးအေးက ဒုတိယတန်းမှ ဆုရရှိသူ မအိသဉ္ဇာမော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၀၃)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ
စေတနာရှင် အကျိုးဆောင်များ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ၏ ဘဝအေးချမ်းသာယာရေးကို ရှေးရှု၍ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လစဉ်အလှူငွေများကို နှစ်ရှည်လများ ကောက်ခံလှူဒါန်းပေးလျက်ရှိသော စေတနာရှင်အကျိုးဆောင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ လေးထပ်ဆောင်သစ်ကြီး စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အကျိုးဆောင်စေတနာရှင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။

(ဘိုးဘွားရိပ်သာ)

14-9 (10).pmd 1 9/15/2008, 3:26 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စီရိုနယ်ဒိုနဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု

လန်ဒန် စက်တင်ဘာ ၁၃

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်တွေဟာ ပရိသတ်ကို စိတ်ဝင်စားမှုအပြည့် ပေးနိုင်သလို ဘောလုံးအသင်းပိုင်ဆိုင်မှုတွေကလည်း ပရိသတ်တွေရဲ့အာရုံကို ဖမ်းစားနိုင်ခဲ့ပါတယ်။ ဒါ့အပြင် နာမည်ကြီးဘောလုံးသမားတွေရဲ့ အပြောင်းအရွှေ့တွေကလည်း လှုပ်လှုပ်ရှားရှားနဲ့ ပွဲဆူခဲ့သလို နာမည်ကြီးဘောလုံးသမားတွေရဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ချီးမြှင့်ခံရမှုအတွက်ကလည်း ရင်ခုန်စရာ ဖြစ်လာပါတယ်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိရန်
ရေပန်းစားနေသည့် စီရိုနယ်ဒို

ရေပန်းစား

ဒါကြောင့် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဘယ်သူဆွတ်ခူးသွားမလဲ ဆိုတာက စိတ်ဝင်စားစရာကောင်းလာပြန်ပြီ ဖြစ်ပါတယ်။ ဖီဖာက ပဏာမအားကစားသမားစာရင်းကို တရားဝင်မထုတ်ပြန်သေးပေမယ့် လောလောဆယ်မှာ ရေပန်းစားနေတဲ့ကစားသမားတွေထဲမှာ ပေါ်တူဂီနဲ့ မန်ယူတောင်ပံကစားသမားစီရိုနယ်ဒို၊ အာဂျင်တီးနားနဲ့ ဘာစီလိုနာတိုက်စစ်မှူးမက်ဆီနဲ့ ဘရာဇီးနဲ့ အေစီမီလန်ကစားသမား ကာကာတို့ ပါဝင်နေတယ်လို့ ဖီဖာနဲ့ နီးစပ်တဲ့ သတင်းရပ်ကွက်တွေက ဆိုပါတယ်။

ဖော်ပြ

ဖီဖာဥက္ကဋ္ဌ ဆပ်ဘတ္တလာအနေနဲ့ကလည်း ပြီးခဲ့တဲ့ဘောလုံးရာသီ တစ်လျှောက်မှာ စီရိုနယ်ဒို ပါဝင်ကစားခဲ့တဲ့ပွဲတွေကို ပြန်လည်ကြည့်နေတယ်လို့ ဆိုပါတယ်။ ဖီဖာဥက္ကဋ္ဌအနေနဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရွေးချယ်ရေးမှာ အဓိကမကျပေမယ့် ဖီဖာရဲ့အမှုဆောင်အဖွဲ့ဝင်တွေဟာ စီရိုနယ်ဒိုကို စိတ်ဝင်စားနေတယ်လို့ အဲဒီသတင်းတွေမှာ ဖော်ပြထားပါတယ်။

ခြေစွမ်းပြနိုင်

စီရိုနယ်ဒိုဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ မန်ယူအတွက် စုစုပေါင်း ၄၂ဂိုးသွင်းပေးပြီး ပရီမီယာလိဂ်နဲ့ချန်ပီယံလိဂ်ဖလားတွေရယူပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မိခင်ပေါ်တူဂီအသင်းအတွက်လည်း စွမ်းအားပြည့်ကစားပေးခဲ့တာမို့ နိုင်ငံအသင်းအတွက်ရော ကလပ်အသင်းအတွက်ပါ ခြေစွမ်းပြနိုင်ခဲ့သူပါပဲ။ ဒါကြောင့် စီရိုနယ်ဒိုဟာ ဥရောပအကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့သလို ဥရောပရွှေဖိနပ်ဆုလည်း ရရှိခဲ့တဲ့အပြင် အခြားဆုအများအပြားလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။

ထုတ်ဖော်ပြောကြား

ဥရောပဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ပလာတီနီက **"စီရိုနယ်ဒိုဟာ ဥရောပအကောင်းဆုံးဘောလုံးသမားဆုတင်မကဘူး ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုနဲ့လည်း ထိုက်တန်တဲ့သူတစ်ဦးပါ။ သူဟာ ထူးခြားတဲ့ ဘောလုံးစွမ်းရည်တွေ ပိုင်ဆိုင်ထားတဲ့ ဘောလုံးသမားတစ်ဦးလည်း ဖြစ်ပါတယ်"** လို့ စက်တင်ဘာ ၁၂ရက်က ကျင်းပတဲ့ ဥရောပဘောလုံးအဖွဲ့ချုပ်အမှုဆောင် အစည်းအဝေးမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဖီဖာရဲ့ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု နှစ်ကြိမ်ရရှိခဲ့တဲ့ ဇီဒိန်းကလည်း **"ဖီဖာရဲ့တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို စီရိုနယ်ဒိုရသင့်ပါတယ်။ သူဟာ မိခင်နိုင်ငံအသင်းနဲ့ မန်ယူအသင်းအတွက်ပါ စွမ်းစွမ်းတမံ အကျိုးပြုခဲ့သူဖြစ်ပါတယ်။ လက်ရှိအချိန်ဟာ သူ့ရဲ့ဘောလုံးစွမ်းရည် အကောင်းဆုံးပြနိုင်တဲ့အချိန်ဖြစ်ကြောင်း"** လို့ ချီးကျူးပြောကြားခဲ့ပါတယ်။

ခွဲစိတ်ကုသ

စီရိုနယ်ဒိုရဲ့ လက်ရှိအနေအထားကတော့ ခြေချင်းဝတ်ဒဏ်ရာခွဲစိတ်ကုသမှုခံယူထားတာမို့ မန်ယူရဲ့ ရာသီအဖွင့်ပွဲစဉ်တွေမှာ ပါဝင်ကစားနိုင်ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် ဖာဂူဆန်ကတော့ စက်တင်ဘာ ၁၇ရက်မှာ စတင်ကစားရမယ့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဗီလာရီးရဲနဲ့ပွဲမှာ စီရိုနယ်ဒိုကို စတင်ကစားစေမှာ ဖြစ်တယ်လို့ ဆိုနေပါတယ်။

ပြန်လည်ကစား

စီရိုနယ်ဒိုဟာ လောလောဆယ်မှာတော့ မန်ယူအသင်းနဲ့ အတူ လေ့ကျင့်ခန်းပြုလုပ်နေပြီး ကြံ့ခိုင်မှုလည်း ပြန်လည်ပြည့်ဝနေပြီဖြစ်ပါတယ်။ စက်တင်ဘာ ၁၂ရက်က မန်ယူတီဗွီနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဖာဂူဆန်က သူ့တပည့်ကျော်နဲ့ပတ်သက်ပြီး **"စီရိုနယ်ဒိုဟာ မကြာခင်မန်ယူအသင်းမှာ ပြန်လည်ကစားနိုင်တော့မှာပါ။ သူဟာ မန်ယူကစားသမားတစ်ဦးအဖြစ် ပီပီပြင်ပြင် ကစားသွားပါလိမ့်မယ်။ စီရိုနယ်ဒိုဟာ ဖီဖာရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရသင့်တယ်လို့ အသံတွေအများကြီး ထွက်လာတယ်။ ကျွန်တော့်အနေနဲ့ကတော့ သူဟာ ကမ္ဘာ့အဆင့်မီ အကောင်းဆုံးခြေစွမ်းတွေပြနေတဲ့ ကစားသမားတစ်ဦးဆိုတာကတော့ ရဲရဲကြီးပြောနိုင်ပါတယ်"** လို့ ပြောကြားသွားခဲ့ပါတယ်။

စောင့်ကြည့်

ဒါကြောင့် စီရိုနယ်ဒိုဟာ ဖီဖာရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးနိုင်ခြင်းရှိ၊ မရှိဆိုတာကတော့ စောင့်ကြည့် ရတော့မှာပဲ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

ကိုးကား-အင်တာနက်

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ — ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

မန်စီးတီးက နည်းပြအဖြစ် ကမ်းလှမ်းဖူးကြောင်း စကိုလာရီပြောကြား

လန်ဒန် စက်တင်ဘာ ၁၃

ချယ်လ်ဆီးနည်းပြစကိုလာရီက ၎င်းချယ်လ်ဆီးနည်းပြအဖြစ် တာဝန်မယူမီက မန်စီးတီးအသင်းက နည်းပြအဖြစ်တာဝန်ယူရန်ကမ်းလှမ်းလာမှုကို ငြင်းပယ်ခဲ့ဖူးကြောင်း ဖွင့်ဟပြောကြားလိုက်သည်။

ဖွင့်ဟဝန်ခံ

မန်စီးတီးအသင်းက မိမိအား နည်းပြအဖြစ်တာဝန်ပေးရန် ကမ်းလှမ်းလာခဲ့ကြောင်း၊ ယင်းသို့ ကမ်းလှမ်းမှုသည် မက်မောစရာကမ်းလှမ်းမှု ဖြစ်သော်လည်း ထိုအချိန်က မိမိသည် ပေါ်တူဂီအသင်းကို ကိုင်တွယ်နေပြီး စဉ်းစားရန်လည်း အချိန်လိုအပ်နေသေးကြောင်း၊ မန်စီးတီးမှ တာဝန်ရှိသူများသည် ပေါ်တူဂီသို့ ရောက်ရှိလာပြီး လာမည့် သုံးလေးနှစ်အတွင်း အသင်းအတွက် ၎င်းတို့၏စိတ်ကူးစိတ်သန်းများကို မိမိနှင့် ပြောဆိုဆွေးနွေးခဲ့ကြောင်း စကိုလာရီ(**အပေါ်ပုံ**)က ဖွင့်ဟဝန်ခံခဲ့သည်။

စကိုလာရီသည် ချယ်လ်ဆီးအသင်း နည်းပြအဖြစ် အေဗရန့်ဂရန့်၏နေရာတွင် အစားထိုးတာဝန်ယူခဲ့သူဖြစ်ပြီး ၎င်းသည် ၂၀၀၈ ဥရောပဖလား ဘောလုံးပြိုင်ပွဲအတွက် ပေါ်တူဂီအသင်းအား တာဝန်ယူ ကိုင်တွယ်နေစဉ်မှာပင် ချယ်လ်ဆီးအသင်းက ၎င်းအား ချယ်ဆီးအသင်း၏ နည်းပြအဖြစ် တာဝန်ပေးခဲ့သည်။

(အင်တာနက်)

လက်ထောက်နည်းပြ နုတ်ထွက်စာတင်ကြောင်း ချယ်လ်ဆီးအသင်း အတည်ပြုပြောကြား

လန်ဒန် စက်တင်ဘာ ၁၃

ချယ်လ်ဆီးအသင်းသည် အသင်း၏ လက်ထောက်နည်းပြ စတိဗ်ကလာကီ(ဝဲပုံ) နုတ်ထွက်စာတင်ခဲ့ကြောင်း အတည်ပြု ပြောကြားလိုက်ပြီ ဖြစ်သည်။

စကော့တလန်ခံစစ်မှူးဟောင်း ကလာကီသည် ၎င်း၏ နုတ်ထွက်စာကို စက်တင်ဘာ ၁၁ရက်ညက တင်ခဲ့ခြင်းဖြစ်ပြီး ဝက်စ်ဟမ်းနည်းပြသစ် ဇိုလာ၏ လက်အောက်တွင် လက်ထောက် နည်းပြအဖြစ် ပြောင်းရွှေ့အလုပ်လုပ်လိုသောကြောင့် ယခုကဲ့သို့ နုတ်ထွက်ဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။

ဆွေးနွေး

ချယ်လ်ဆီးအသင်းအနေဖြင့် ကလာကီနှင့် ဆွေးနွေးရန် ဝက်စ်ဟမ်းအသင်းက ချဉ်းကပ်ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်ကို အတည်ပြုကြောင်း၊ မိမိတို့အနေဖြင့် ကလာကီနှင့် ဆွေးနွေးရန် အတွက် ၎င်းကိုနုတ်ထွက်ခွင့်မပေးခဲ့သေးကြောင်း၊ ကလာကီ၏ နုတ်ထွက်မှုကို လက်မခံသေးဘဲ ဆွေးနွေးမှုများပြုလုပ်နေကြောင်း ချယ်လ်ဆီးအသင်း၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော် ပြောကြားခဲ့သည်။

(အင်တာနက်)

ချယ်လ်တင်ဟမ်အသင်းနည်းပြ ကိတ်ဒိုနင် သဘောတူညီချက်အရနုတ်ထွက်

လန်ဒန် စက်တင်ဘာ ၁၃

အင်္ဂလန်ပထမတန်းအသင်း ချယ်လ်တင်ဟမ်အသင်းနည်းပြ ကိတ်ဒိုနင်သည် အသင်းနှင့်နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ နည်းပြအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်သည်။

ချယ်လ်တင်ဟမ်အသင်းသည် အင်္ဂလန်ပထမတန်းတွင် အောက်ဆုံးအဆင့်၌ ရောက်ရှိနေပြီး စက်တင်ဘာ ၁၂ရက် ညနေပိုင်းက အဝေးကွင်းတွင် ဟတ်ပူးလ်အား လေးဂိုး-တစ်ဂိုး ဖြင့် ရှုံးနိမ့်ခဲ့သည်။

တာဝန်ယူ

အသက် ၄၃နှစ်ရှိ ဒိုနင်သည် ချယ်လ်တင်ဟမ်အသင်း နည်းပြ ဂျွန်ဝါ့ဒ် ကာလစ်လီအသင်းသို့ ပြောင်းရွှေ့သွားပြီးနောက်

ယင်းအသင်းကို အခိုက်အတန့် ထိန်းသိမ်းကာ ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် ချယ်လ်တင်ဟမ် အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ခြင်းဖြစ်သည်။

ဒိုနင်သည် ဝုဖ်အသင်းအရန်နည်းပြအဖြစ်မှ ထွက်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ် ဇူလိုင်လကတည်းက ချယ်လ်တင်ဟမ်အသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

(အင်တာနက်)



ကွင်းလယ်ကစားသမားပေါလ်စခိုးလ် မန်ယူကစားသမားအဖြစ်ဂုဏ်ယူမိဟုဆို

လန်ဒန် စက်တင်ဘာ ၁၃

မန်ယူအသင်း၏ ဝါရင့်၊ သမ္ဘာရင့် ကစားသမားအဖြစ် ရှိနေသည်ကို နှစ်သက် ကျေနပ်ဂုဏ်ယူမိကြောင်း မန်ယူတွင် နှစ်ကာလကြာရှည်စွာကစားလာသော ကစားသမားကြီး ပေါလ်စခိုးလ်က ဖွင့်ဟပြောကြားလိုက်သည်။

မြှုပ်နှံခဲ့

မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်သည် သူ၏ ကစားသမားသက်တမ်းတစ်လျှောက်လုံးကို အိုးထရက်ဖို့ဒ်တွင်သာ မြှုပ်နှံခဲ့သည်။ သို့သော်လည်း ယခုတိုင် နည်းပြဖာဂူဆန်၏ အဓိကကြယ်ပွင့် ကစားသမားအဖြစ် ရှိနေဆဲဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်ဟောင်း ပေါလ်စခိုးလ်သည် ကွင်းလယ် ကစားသမားဖြစ်ပြီး မိုက်ကယ်ကာရစ်၊ အိုဝင်ဟားဂရေ့ဗ်နှင့် အန်ဒါဆင်တို့ကဲ့သို့ လူကြိုက်များနေဆဲပင် ဖြစ်သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

မန်ယူ ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ် ချန်ပီယံလိဂ်ပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၁၃

မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်သည် စက်တင်ဘာ၁၇ရက်တွင် ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်သည်။

လက်ခံကစား

ချန်ပီယံလိဂ် လက်ရှိချန်ပီယံမန်ယူသည် စပိန်အသင်း ဗီလာရီးရဲအား အိုးထရက်ဖို့ဒ်တွင် အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။ သို့သော်လည်း ယင်းအသင်းကို ကွင်းလယ်ကစားသမားမိုက်ကယ်ကာရစ်မပါဘဲ ရင်ဆိုင်ရန် သေချာသလောက် ဖြစ်နေသည်။

ဒဏ်ရာရရှိ

အသက်၂၈နှစ်ရှိ မိုက်ကယ်ကာရစ်သည် စက်တင်ဘာ ၁၃ရက်(**ယမန်နေ့**)က အန်ဖီးလ်၌ မန်ယူအသင်းက လီဗာပူးအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ၎င်း၏ ညာခြေချင်းဝတ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ပြောကြား

မိမိအနေဖြင့် ကာရစ်သည် အရိုးကိုထိခိုက်မည်ဟု မထင်ကြောင်း၊ သို့သော်လည်း စက်တင်ဘာ၁၇ရက်၌ ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ဖွယ်မရှိသည်မှာ သေချာကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

ကာရစ်သည် ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးပတ်နားနေရာမှ ပြန်ကစားသည်မှာ တစ်ပွဲသာရှိသေးကြောင်း၊ ယခင် အလားတူဒဏ်ရာပြသနာ ပြန်လည်ပေါ်ပေါက်မှု ရှိ၊ မရှိဆိုသည်ကိုမူ မသိရသေးကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ရှမ်းပြည်နယ်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ကြီး ခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေး ခရိုင်၊ ကျိုင်းတုံခရိုင်ရှိ အခွန်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အခွန်အရပ်ရပ် ကောက်ခံရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေကို ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အမှာစကားပြောကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရပ်နားလိုက်သည်။ ဆက်လက်၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အခွန်ဦးစီးမှူးများက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆက်လက်ကျင်းပကြောင်း သိရသည်။

(ပြည်နယ် မြန်/ဆက်)

ဗန်းမော်၌ စုပေါင်းသန့်ရှင်း

ဗန်းမော် စက်တင်ဘာ ၁၃

ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးကို စက်တင်ဘာ ၁၃ ရက် နံနက် ၇နာရီက ဗန်းမော်မြို့ ပြည်သူ့ဆေးရုံ၌ကျင်းပရာ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ် (၁၃)ရပ်ကွက်မှ ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၆၂၀တို့က ဆေးရုံဝင်း အတွင်းရှိ ခွဲစိတ်ဆောင်၊ ဖျားနာဆောင်၊ ကလေးအထူးကုဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ဆောင်၊ ရင်ခွဲရုံနှင့် ပြင်ပလူနာဆောင်များတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

ကျွန်းလှမြို့ ဆင်းသွယ်လတ်စပါးခင်း၌ တမန်းနှီးသရုပ်ပြသ

ကျွန်းလှ စက်တင်ဘာ ၁၃

ရွှေဘိုခရိုင် ကျွန်းလှမြို့၌ စုပေါင်း မြေဩဇာကြဲပက်၊ တမန်းနှီးသရုပ်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက်က တပ်ကုန်းကျေးရွာ တောင်သူ ဦးကျော်တင်၏ ကွင်းအမှတ်(၄၉၅) ဆင်းသွယ်လတ် စပါးစိုက်ခင်း ခုနစ်ဧကတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြည်ဝင်းက စနစ်တကျ မြေဩဇာကြဲပက်ခြင်း၊ တမန်းနှီးရခြင်း၏ အကျိုးကျေးဇူး အကြောင်းရှင်းလင်းကာ တောင်သူများအား လက်တွေ့သရုပ်ပြသကြောင်း သိရသည်။

(မြို့နယ်မြန်/ဆက်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ခိုင်မာသောစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လွိုင်လင်ခရိုင် ပြန်/ဆက်ဦးစီးဌာန၌ ဆွေးနွေး

လွိုင်လင် စက်တင်ဘာ ၁၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ထုတ်လုပ်ဌာနခွဲမှ စာတည်းဦးတင်ဝင်းသည် စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီက လွိုင်လင်ခရိုင်ရုံးသို့ ရောက်ရှိလာပြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ချမှတ်ထားသောလုပ်ငန်း တာဝန်(၁၁)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ခိုင်မာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်နှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမှာကြား

ထို့နောက် လွိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု နောင်ဟူးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ ပန်မုန့်ကျေးရွာစာကြည့်တိုက်၊ ဝမ်မိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်ပြီး ရပ်မိရပ်ဖများ၊ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ၍ စာကြည့်တိုက် အဆောက်အအုံနှင့် ကိုယ်ပိုင်မြေရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုဆွေးနွေးမှာကြားပြီး စာအုပ်များလှူဒါန်းကြောင်း သိရသည်။ **(ခရိုင် မြန်/ဆက်)**

မြန်မာနိုင်ငံ၌ သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါသည် သွားနှင့်ခံတွင်းရောဂါများအနက် အဖြစ်အများဆုံးဖြစ်

မှန်ကန်သည့်အသိပညာနှင့် စနစ်မှန်သွားတိုက်နည်း လေ့ကျင့်ပေးရန်လို

နေပြည်တော် စက်တင်ဘာ ၁၃

ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နယ်သာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန ကိုယ်စားလှယ် Prof. Wim Van Palenstein Helderman၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက **(အပေါ်ပုံ)** က အမှာ စကားပြောကြားရာတွင် ယနေ့ ကမ္ဘာ့ သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အခမ်းအနားသည် ပထမအကြိမ်ကျင်းပခြင်းဖြစ်ပြီး လွန်ခဲ့သည့် အနှစ်(၃၀) ၁၉၇၈ခုနှစ်က ပဏာမကျန်းမာရေးစောင့်ရှောက်မှု အခြေခံသဘောတရား(Primary Health Care Concept)ကို Alma Ata Conference မှ ပေါ်ထွန်းစေခဲ့သည့်နေ့ ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားပေး

မိမိတို့ မြန်မာနိုင်ငံ၌ သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါသည် သွားနှင့်ခံတွင်းရောဂါများအနက် အဖြစ်အများဆုံး ဖြစ်ပြီး သွားနှင့်ခံတွင်းဆိုင်ရာ မှန်ကန်သည့် အသိပညာများ၊ အမူအကျင့်များ မြှင့်တင်ပေးရန်နှင့် စနစ်မှန် သွားတိုက်နည်းများကိုပါ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ကလေးများတွင် ခံတွင်းကျန်းမာသည့် ကလေးနှင့် ခံတွင်းမကျန်းမာသည့် ကလေး နှိုင်းယှဉ်မည်ဆိုလျှင် ခံတွင်းမကျန်းမာသည့် ကလေးများ ကိုယ်အလေးချိန်ပို၍ လျော့နည်းသည်ကို တွေ့ရတတ်ကြောင်း၊ လူကြီးပိုင်းတွင်လည်း ဆီးချို၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများအထိ ဆက်နွယ်နေသည်ကို တွေ့ရကြောင်း။

စတင်စမ်းသပ်

ယခုနှစ်ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ဆောင်ပုဒ်သည် **"သွားနှင့် ခံတွင်း ကျန်းမာဖို့၊ တစ်နေ့နှစ်ကြိမ် သွားတိုက်စို့"** ဖြစ်ကြောင်း၊ ၂၀၀၀ပြည့်နှစ်ကစပြီး သွားကျန်းမာရေးအတွက် သွားတိုက်ဆေးများ၏ အာနိသင်ကို ကျန်းမာရေးဝန်ကြီးဌာနက စတင် စမ်းသပ်ခဲ့ကြောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်ရောက်မှ ပုဂ္ဂလိကထုတ် သွားတိုက်ဆေးတစ်မျိုးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနထုတ် သွားတိုက်ဆေးများတွင် ဖလိုရိုဒ် စတင်ထည့်ပေးနိုင်ခဲ့ကြောင်း။

ထပ်လောင်းတိုက်တွန်း

သွားနှင့်ခံတွင်း ကျန်းမာရေးကို ကျောင်းများအခြေခံပြု၍ ကလေးငယ်များအား ဘဝတွက်တာ ကျွမ်းကျင်စရာများအဖြစ် တစ်နေ့နှစ်ကြိမ် ဖလိုရိုဒ်သွားတိုက်ဆေးဖြင့် သွားများတိုက်ရန် အားလုံးကြိုးပမ်းသွားကြရန် ထပ်လောင်းတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဟော်လန်နိုင်ငံ အခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ဗဟိုဌာနကိုယ်စားလှယ် Prof. Wim Van Palenstein Helderman က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၀၈ခုနှစ် ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

သုတေသနစာတမ်းဖတ်

ဆက်လက်၍ ကမ္ဘာ့ သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အထိမ်းအမှတ် သုတေသနပြု စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ Prof. Wim Van Palenstein Helderman၊ ဒေါက်တာဖြူဖြူကျော်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်တို့က ဖတ်ကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Sony Broadcast and Professional (Service Caravan 2008) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

Sony Broadcast and Professional (Service Caravan 2008) ကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ Trader Hotel ကုန်းဘောင်တကောင်းခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

Professional Camera ကို ဝယ်ယူသုံးစွဲသူများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ပုံနည်းစနစ်၊ အသိပညာနှင့် မပျက်မယွင်းစေရန် စနစ်တကျကိုင်တွယ်ပုံ၊ ကိုင်တွယ်နည်းတို့ကို သိရှိစေရန်၊ ချို့ယွင်း ပျက်စီးနေသည့် စက်များကိုလည်း Broadcast and Professional Service Team မှ Service engineers များနှင့် TMW Enterprise Ltd မှ Service engineersများ ပူးပေါင်း၍ စိစစ်ပြုပြင်ပေးခြင်းဖြင့် မိမိတို့၏ Sony Product အပေါ်တွင် ပိုမိုယုံကြည်မှုရှိစေရန် ယခုပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ကုတ်မြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး ထူးချွန်သူ ကျောင်းသား ကျောင်းသူများ ဆုပေးအပ်ချီးမြှင့်

တောင်ကုတ် စက်တင်ဘာ ၃

တောင်ကုတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၈နှင့် (၂၀၀၇-၂၀၀၈)ပညာသင်နှစ်တွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကောင်းမြတ်က အဖွင့်အမှာစကားပြောကြားပြီး(ဝဲပုံ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်များ အစီရင်ခံစာကို မြို့နယ်အတွင်းရေးမှူး ဦးသန်းဝေက ကဏ္ဍအလိုက် ဖတ်ကြားတင်ပြသည်။

ထို့နောက်တောင်ကုတ်မြို့နယ်အတွင်း ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပရာ နှစ်ဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦးနှင့် အသင်းတွင် ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့ကြသော ကျေးရွာ စည်းရုံးရေးမှူးများအား တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ပြီး အစည်းအဝေးမှ အတည်ပြုချက်များ၊ ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဦးဆောင်သောအဖွဲ့ ဩဂုတ် ၂၉ရက်က ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဇော်က ရှင်းလင်းတင်ပြစဉ်။

(တိုင်းစည်ပင်)

မြောင်မြို့နယ်အတွင်းကျန်စစ်သားမင်းကြီး မွေးဖွားရာ ဇာတိဖြစ်သော ပရိမ္မကျေးရွာရှိ ကျန်စစ်မင်း ပန်းခြံကို စက်တင်ဘာ ၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ဆန်းက ကျန်စစ်မင်း ရုပ်တု ရွှေဆေးပြန်လည်ဆေးသုတ်မွမ်းမံပြီးစီးမှုနှင့် ပန်းအလှပင် ပျိုးထောင်မှု တို့ကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဗီဒီယိုလုပ်ငန်းလိုင်စင်များ ကွတ်ခိုင်၌ နေ့ချင်းပြီးထုတ်ပေး

ကွတ်ခိုင် စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးလှကျော်ဦး၊ ကွတ်ခိုင်မြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကွတ်ခိုင်မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ထုတ်ပေး

ထို့နောက် ကွတ်ခိုင်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စု ကျေးရွာများရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ၏ ဗီဒီယိုပြသရေး လုပ်ငန်းလိုင်စင်များနှင့် ဗီဒီယိုလုပ်ငန်းလိုင်စင် သက်တမ်းလွန်၊ သက်တမ်းပျက်များ၊ ဗီဒီယိုလုပ်ငန်းလိုင်စင်မဲ့များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နေ့ချင်းပြီး ဗီဒီယိုလုပ်ငန်းလိုင်စင်များ ထုတ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူး မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌနှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ရက်နှင့် ၂၁ရက်တို့တွင် တာမိုးညဲမြို့နှင့် ကောင်းခါးမြို့သစ်တို့၌ နေ့ချင်းပြီး ဗီဒီယိုလုပ်ငန်းလိုင်စင်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့ ရန်ကြီးအောင်လမ်း မြေနီဖြန့်ခင်း

ဆင်ပေါင်ဝဲ စက်တင်ဘာ ၈

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ပြုပြင်လျက်ရှိရာ ရန်ကြီးအောင်လမ်း မြေနီဖြန့်ခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၁၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဆင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်စန်းဦးက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာတတ်မြောက်ရေးနေ့အခမ်းအနား ဖလမ်း၌ကျင်းပ စာစီစာကုံး၊ ကဗျာနှင့်ပန်းချီပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

ဖလမ်း စက်တင်ဘာ ၈

၂၀၀၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် ဖျော်ဖြေပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဇော်ဝင်းက အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြက ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးဇော်ဝင်းဌေးက ဆုများချီးမြှင့်ပြီး နဝမတန်းကျောင်းသားကျောင်းသူများက လူတိုင်းအတွက်ပညာ သီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ညောင်လေးပင် ပြန်/ဆက် ဦးစီးဌာနဝန်ထမ်းများ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ညောင်လေးပင် စက်တင်ဘာ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်(စီမံ) ရုံးချုပ်၊ ပဲခူးတိုင်း(အရှေ့) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် ပဲခူးခရိုင် ဦးစီးအရာရှိ ဒေါ်လှလှတို့သည် ဩဂုတ် ၂၀ ရက်က ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု စံပဲကျေးရွာ ဒို့ရွာစံစာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။ (ဝဲပုံ)

ဆွေးနွေးမှာကြား

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးသည် မြို့နယ်ပြန်/ဆက်ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁၅-၉-၂၀၀၈ (တနင်္လာနေ့)

- ☐ Teaching Short Story(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Teaching Short Story(3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၆-၉-၂၀၀၈ (အင်္ဂါနေ့)

- ☐ Teaching Business English(1,2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Teaching Business English(3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

- ☐ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Promoting Reading Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)

- ☐ Teaching Listening Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Developing Speaking Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Developing Reading Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁၉-၉-၂၀၀၈ (သောကြာနေ့)

- ☐ Developing Writing Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Integrated Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၀-၉-၂၀၀၈ (စနေနေ့)

- ☐ Meristematic Tissues and Permanent Tissues
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Nucleic Acid
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Dispersal of Plants
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Biochemistry I
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Biochemistry II
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Electrophilic Addition to Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Fourier Series
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Vector Calculus
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)

- ☐ သံယုတ္တနိကာယလာ ကိုယ်ကျင့်တရား
  - ဒုတိယနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ကာရက အသုံးအနှုန်း
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ပါဠိဘာသာအကြောင်း လေ့လာချက်
  - ဒုတိယနှစ် မြန်မာမှု၊အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Introduction to South East Asia
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Background of European in Southeast Asia
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Forty-years War
  - ဒုတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ မြန်မာ၊ မြန်မာစကား
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ အာသံနိုင်မော်ကွန်း၏ ဂုဏ်ရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

စာပေနှင့် စာနယ်ဇင်း အစည်းအဝေးအတွေ့ အကြုံရှင်း

မိုးညှင်း စက်တင်ဘာ ၇

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ် ၂၄ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးကျော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဗဟိုဦးစီးအဖွဲ့ဝင် ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ)က စတုတ္ထအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးမှ အတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းများစသည့် သိမှတ်ဖွယ် အတွေ့အကြုံများကိုရှင်းလင်းပြောကြားသည်။ (၀၀၂)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် စက်တင်ဘာ ၅ ရက်က မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၉) သင်တန်းသူများအား ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာကို ဆွေးနွေးပို့ချစဉ်။ (တိုင်းစည်ပင်)

လမ်းတိုးချဲ့

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တပ်မတော်လမ်း တိုးချဲ့ဆောင်ရွက်ခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနိုကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရိခေါဒါရ်မြို့၌ စိန်ပန်းပင်များ စုပေါင်းစိုက်ပျိုး

ဖလမ်း စက်တင်ဘာ ၆

ရိခေါဒါရ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ အမှတ်(၁)ရပ်ကွက် လီလီလမ်းဘေးဝဲယာတစ်လျှောက် စိန်ပန်းပင်များကို ဩဂုတ် ၉ရက် နံနက် ၉နာရီက ရပ်ကွက်နေ ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် စည်ပင်သာယာရေး အဖွဲ့ဝင်များ စုပေါင်း၍ စိုက်ပျိုးကြရာသို့ အမှုဆောင်အရာရှိ ဦးအာလ်လျန်ထန်းနှင့် မြို့နယ်အသင်းအလုပ်အမှုဆောင် ဦးချန်လျန်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း (မြို့ပြ) အား/ကာလမ်းအဝင် ကွန်ကရစ်တံတား တည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးလှမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ကြီးမှူး ဝိုင်းမော်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

မြစ်ကြီးနား စက်တင်ဘာ ၈

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက်က ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအုပ်စု တောင်သူကြီးဦးဆိုင်းကို၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်လ်တူးရိန်က တက်ရောက်လာသော တောင်သူလယ်သမားများအား စပါးခင်းသို့ ငါးမျိုးစိုက်ထည့်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ရွှယ်တောင်က ကျေးရွာဥက္ကဋ္ဌ ဦးဆင်ဝါးနော်သို့ ငါးလုပ်ငန်းပညာပေး စီဒီခွေပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများစုပေါင်း၍ ၁၁၂ ဧကရှိ စပါးစိုက်ခင်းအတွင်း ငါးခုံးမကြီးကောင်ရေ ၅၆၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

မုဒုံအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မုဒုံ စက်တင်ဘာ ၅

မွန်ပြည်နယ် မုဒုံအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၆ရက်က ယင်းအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးအကြံပြု

အစည်းအဝေးတွင် သဘာပတိ အသင်းစုဥက္ကဋ္ဌ ဦးမင်းစိန်ချွန်း၊ မွန်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဟန်၊ မြို့နယ် သမဝါယမ ဦးစီးအရာရှိ ဦးငွေသိန်းတို့က အမှာစကား ပြောကြားကြပြီး ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် အမှုဆောင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်း အစီရင်ခံစာ၊ ကုန်သွယ်စာရင်း၊ အရှုံးအမြတ်စာရင်း၊ လက်ကျန် ရှင်းတမ်းနှင့် အသင်းသားစာရင်းစစ်အဖွဲ့ အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြပြီး ဖတ်ကြားတင်ပြချက်အပေါ် အသင်းကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြသည်။

အတည်ပြုချက်ရယူ

ဆက်လက်ပြီး မှတ်တမ်းတင်ခြင်း(၁)ရပ်၊ အတည်ပြုခြင်း(၂)ရပ်၊ ဆုံးဖြတ်ချက်(၃)ရပ်ချမှတ်ခြင်းတို့ကို သဘာပတိက အတည်ပြုချက်ရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားရေး ရမည်းသင်း ပြန်/ဆက်နှင့် ပညာရေးဌာနတို့ပူးပေါင်းဆောင်ရွက်

ရမည်းသင်း စက်တင်ဘာ ၁၀

ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်းကာ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးပွားရေးနှင့် အောင်ချက်မြင့်မားရေးတို့အတွက် ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက်၁၀နာရီက ရမည်းသင်းမြို့ သိမ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်ပညာရေးမှူး ဦးကြိုင်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ပညာပေးဟောပြော

အလားတူ စက်တင်ဘာ ၁ ရက်က ပျော်ဘွယ်မြို့ ယင်းတော် အထကကျောင်း၌လည်းကောင်း၊ စက်တင်ဘာ၂ရက်က ရမည်းသင်းမြို့ ရွှေဒါးအထက(ခွဲ)ကျောင်း၌လည်းကောင်း ပညာပေးဟောပြောကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ အမှတ်(၂)ရပ်ကွက် အတွင်းရှိ နမ့်ဆူချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်းနှင့် ခြင်များ မပေါက်ပွားနိုင်ရေး ပေါင်းမြက်များရှင်းလင်းခြင်းကို ဩဂုတ်၂၃ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ်၌ ပျိုးဗန်းဖြင့် ပျိုးထောင်စိုက်ပျိုး

လပွတ္တာ စက်တင်ဘာ ၅

လေဘေးသင့်ဒေသ လပွတ္တာမြို့နယ် ကုက္ကိုကျေးရွာအုပ်စု ကညင်ကွင်းကျေးရွာ တောင်သူဦးထွန်းကြည်၏ လယ်မြေ ၁ ဒသမ ၂ ဧက၌ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော ပျိုးဗန်းဖြင့်ပျိုးထောင်၍ စိုက်ပျိုးခြင်း အခမ်းအနားကို ဇူလိုင် ၃၁ရက်က ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း) စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်လည် တည်ဆောက်ရေးတွင် ဆောင်ရွက်နေကြသော တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ အရာခံ၊ အကြပ် တပ်သားများ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကောက်စိုက်လုံမေများနှင့် တောင်သူလယ်သမားများတက်ရောက်၍ စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

စိတ်ပါဝင်စား

ပျိုးဗန်းစနစ်ဖြင့် စပါးပျိုးထောင် စိုက်ပျိုးနည်းများကို လပွတ္တာမြို့နယ် မြစ်ပေါက်၊ ဘီတွတ်၊ အမတ်၊ ကုက္ကိုနှင့် ဘိုင်းတောင့်ချောင်းကျေးရွာများ၌ ပျိုးဗန်း ၃၅၀၀၀ ဖြင့် ပညာပေးပြသရာ မျိုးစေ့ အကုန်သက်သာခြင်း၊ ပင်ပွားများ၍ စပါးအထွက်ပိုမိုခြင်းတို့ကြောင့် တောင်သူလယ်သမားများ အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

(စက်မှုလယ်ယာ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဂန့်ဂေါမြို့၌ ရေပေးဝေမှု ကြည့်ရှုစစ်ဆေး

ဂန့်ဂေါ စက်တင်ဘာ ၂

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့်တာဝန်ခံ အင်ဂျင်နီယာဦးသိန်းဝင်းတို့ ဩဂုတ် ၈ ရက်က ဂန့်ဂေါမြို့ ရေပေးဝေလျက်ရှိသည့် မြစ်သာမြစ်အတွင်း ရေတင်စက်ရုံသို့ ကွင်းဆင်း၍ အင်ဂျင်နှင့်ပန့်များ ကောင်းမွန်ရေးနှင့် ရေတင်စက်ရုံ အနီးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့ကို ဆောင်ရွက်ရန် ပြောကြားပြီး မြို့ပေါ် ရပ်ကွက်များသို့ ရေပေးဝေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာတပ်နယ် တစ်ဧက တင်း၂၀၀ အထူးအထွက်ကောင်းစပါး စံပြစိုက်ခင်း ၇၅ဧကတွင် တစ်ဆက်တစ်စပ်တည်း အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၁၂ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရှင်းလင်းဆောင်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)အတိုင်း ထွက်ခွာ၍ မိုင်တိုင်အမှတ် (၁၂၅) ဗျည်းကပ်ကျေးရွာအနီးရှိ အရှည်ပေ ၆၀၊ အကျယ် ၁၄ပေ သစ်သားတံတား တည်ဆောက်နေမှုနှင့် ရေဦးရွာအနီးရှိ သစ်သားတံတားတည်ဆောက်နေသည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၆ ကော်လံ ၄ ■

မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲ စက်တင်ဘာ ၁၇ ရက်စတင်ကျင်းပမည် အမှတ်ပေးပြိုင်ပွဲတွင် ကြီးစိုးနေသည့် ဘဏ္ဍာ/အခွန်ကို ကျော်ဖြတ်မည့်အသင်း ထွက်ပေါ်လာမလား....

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း- ဖိုးသော်ဇင် ❑ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများ မြန်မာဘောလုံးပရိသတ်ရှေ့မှောက် မကြာမီရောက်ရှိလာတော့မည်ဖြစ်သည်။ စက်တင်ဘာ ၇ရက်က ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့၏ ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲနှင့်အတူ မြန်မာလိဂ်ကန့်လန့်ကာကို စတင်ဖွင့်လှစ်ခဲ့သော်လည်း မြန်မာလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲမှာ စက်တင်ဘာ၁၇ရက်ကျမှသာ စတင်ကျင်းပမည် ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဘဏ္ဍာ/အခွန် အသင်း ခုနစ်နှစ်ဆက်တိုက် ဖိုလ်စွဲနိုင်ပါ့မလား....။ (မြန်မာ့အလင်း)

မဲခေါင်ဒေသ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း ဦးဆောင်နေ

ရန်ကုန် စက်တင်ဘာ ၁၃

ထိုင်းနိုင်ငံတွင် ကျင်းပလျက်ရှိသည့် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာလူငယ်ဘောလုံးအသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး လေးမှတ် ရရှိထားသည်။

အမှတ်အများဆုံး

မြန်မာလူငယ်အသင်းသည် စက်တင်ဘာ ၁၂ရက်က ကစားသောပွဲတွင် လာအိုအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့ပြီး ၁၃ရက်က ကစားသောပွဲ၌ ထိုင်းလူငယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲ၌ အိမ်ရှင် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ လာအိုအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံး အသင်း ဗိုလ်စွဲမည်ဖြစ်သည်။

နှစ်ပွဲကစား

ယနေ့ပွဲအပြီးတွင် မြန်မာလူငယ်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ထိုင်းအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ လာအိုအသင်းက တစ်ပွဲကစား တစ်ပွဲသရေ တစ်မှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား တစ်ပွဲရှုံး အမှတ်မရသေးချေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ၁၄ရက်(ယနေ့)၌ ဗီယက်နမ်အသင်းနှင့်ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

သဘာဝဘေး

အင်တာနက် ဖောင်ပိတ်သတင်း

တက္ကဆက်ပြည်နယ်သို့ အိုက်ဟာရီကိန်းမုန်တိုင်းမွှေနှောက် နေအိမ်များပျက်စီး၊ ဒေသခံတစ်သန်းကျော် မုန်တိုင်းဒဏ်ခံရ

ဘလွန်းဘတ် စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ အိုက်အမည်ရှိ ဟာရီကိန်းမုန်တိုင်း ဝင်ရောက်မွှေနှောက်ခဲ့ကြောင်း၊ မုန်တိုင်းဒဏ်ခံရသည့်နေရာမှာ ဟူစတန်မြို့အရှေ့တောင်ပိုင်း ဂါလ်ဗက်စတန်မြို့ အနီးဝန်းကျင်ဒေသများဖြစ်ပြီး အိုက်မုန်တိုင်းဒဏ် ကြုံတွေ့ခံစားခဲ့ရသည်။ **(မြန်မာ့အလင်း - စက်တင်ဘာ ၁၃)**

၁၃၅မိုင်

အဆိုပါ မုန်တိုင်းသတင်းနှင့်ပတ်သက်၍ ထပ်မံသိရှိရသည်မှာ အိုက်မုန်တိုင်းသည် တစ်နာရီလျှင်မိုင် ၁၁၀မှ ၁၃၅မိုင်နှုန်းအထိ တက္ကဆက်ပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ နေရာအနှံ့အပြား၌ နေအိမ်များပျက်စီးကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းဌာနက စက်တင်ဘာ ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ရပ်ဆိုင်းထား

အိုက်မုန်တိုင်းကြောင့် တက္ကဆက်ပြည်နယ်တွင် ဒေသခံပြည်သူတစ်သန်းကျော် မုန်တိုင်းဒဏ်ခံစားခဲ့ရကြောင်း၊ မုန်တိုင်းကြောင့် အမေရိကန်ကမ်းလွန်ရေနံလုပ်ငန်း ၁၇ခုခန့် ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း၊ လောလောဆယ်၌ ကမ်းလွန်ရေနံလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒